# အခန်း–၁
# ပဒေသရာဇ်ခေတ်မြန်မာနိုင်ငံ

## နိဒါန်း

ဤအခန်းတွင် ပင်းယ၊ စစ်ကိုင်း၊ မောရှမ်း၊ အင်းဝ၊ ပဲခူး (ဟံသာဝတီ)၊ ရှမ်းပဒေသရာဇ် ပြည်ထောင်ငယ်များ ပေါ်ပေါက်လာခြင်းအကြောင်းကို လေ့လာသင်ယူနိုင်မည် ဖြစ်သည်။

## ဤသင်ခန်းစာနှင့် ပတ်သက်၍ သင်သိရှိပြီးသော အကြောင်းအရာ

ဆဋ္ဌမတန်းတွင် သမိုင်း၏ ပြောင်းလဲတိုးတက်မှုဖြစ်စဉ်နှင့် လူ့အဖွဲ့အစည်းအပေါ် နည်းပညာများ လွှမ်းမိုးလာခြင်း၊ ရှေးဟောင်းမြို့ပြနိုင်ငံများ ပေါ်ပေါက်လာခြင်း၊ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ပုဂံဧကရာဇ်နိုင်ငံ ပေါ်ပေါက်လာခြင်း၊ အင်အားကြီးမားလာခြင်း၊ ပုဂံခေတ် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စာပေ၊ ဗိသုကာလက်ရာ အဆင့်အတန်း တိုးတက်ခဲ့ခြင်းနှင့် ပုဂံဧကရာဇ်နိုင်ငံ အင်အားကျဆင်းခြင်းတို့ကို လေ့လာသင်ယူပြီး ဖြစ်သည်။

## သင်ခန်းစာပြီးလျှင် သင်သည် အောက်ပါတို့ကို သိရှိနားလည် လုပ်ဆောင်နိုင်မည်။

ဤအခန်းကို သင်ယူပြီးနောက် ပုဂံခေတ်နောက်ပိုင်း စည်းလုံးမှုလျော့နည်းနေသည့် မြန်မာ့နိုင်ငံရေးအခြေအနေနှင့် ပဒေသရာဇ်နိုင်ငံငယ်အချင်းချင်း အားပြိုင်မှုပြင်းထန်လာခြင်းကို ဆွေးနွေးတတ်မည်ဖြစ်သည်။


## ၁.၁။ ပုဂံခေတ်နောက်ပိုင်း ပဒေသရာဇ်မင်းနိုင်ငံများ ပေါ်ပေါက်လာခြင်း

### ၁.၁.၁။ ပင်းယ၊ စစ်ကိုင်း

ပုဂံခေတ်တွင် နရသီဟပတေ့မင်း နတ်ရွာမစံမီကပင် အသင်္ခယာ၊ ရာဇသင်္ကြံ၊ သီဟသူ စသည့် ရှမ်းညီနောင်သုံးဦးတို့ အင်အားကောင်းလာခဲ့သည်။ ပုဂံဧကရာဇ်နိုင်ငံ အင်အားကျဆင်းပြီးနောက် ရှမ်းညီနောင်တို့တွင် သီဟသူ (သိင်္ခသူ) သည် ပင်းယကို ၁၃၁၂ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ သို့သော် သီဟသူ၏ သြဇာအာဏာ ခိုင်မာမှုမရှိသဖြင့် သားတော် အသင်္ခယာစောယွန်းသည် စစ်ကိုင်းတွင် သီးခြားမြို့နန်းတည်၍ စိုးစံကာ ဧရာဝတီမြစ်၏ မြောက်ဘက်နှင့် အနောက်ဘက်တစ်လွှားကို အုပ်ချုပ်နိုင်ခဲ့သည်။ ဤသို့ဖြင့် ပုဂံနှင့်အပြိုင် ပင်းယနှင့် စစ်ကိုင်း ပြည်ထောင်ငယ်များ ပေါ်ပေါက်လာသည်။ ပုဂံဧကရာဇ်နိုင်ငံ ပြိုကွဲပြီးနောက် မြန်မာနိုင်ငံတွင် ပုဂံပြည်ကြီး၏ စည်းလုံးမှုမျိုးကို မည်သည့်ပြည်ထောင်ကမှ မရရှိတော့ပေ။



DBE BOX




**ပုံ–၁.၁ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ ဟံသာဝတီ၊ မြောက်ဦး မင်းနိုင်ငံများပြ မြေပုံ**

စစ်ကိုင်းနှင့် ပင်းယမင်းဆက်များသည် ကြာရှည်တည်မြဲခြင်း မရှိခဲ့ပေ။ ပင်းယတွင် မင်းဆက် ၅ ဆက်အုပ်စိုး၍ စစ်ကိုင်းတွင် မင်းဆက် ၇ ဆက်မျှသာ နန်းစံခဲ့သည်။ ထိုအချိန်၌ ပင်းယနှင့် စစ်ကိုင်း မင်းနှစ်ပါးတို့၏ ပြိုင်ဆိုင်မှုသည် အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည်။ ပင်းယမင်း နရသူသည် စစ်ကိုင်းကို တိုက်ခိုက်ရန် မောရှမ်းတို့၏ အကူအညီကို တောင်းခံခဲ့သည်။

**အဓိကအချက်များ**

- ပုဂံခေတ်နှောင်းပိုင်းတွင် အသင်္ခယာ၊ ရာဇသင်္ကြံ၊ သီဟသူ စသည့် ရှမ်းညီနောင်သုံးဦးတို့သည် အင်အားကောင်းလာခဲ့သည်။
- သီဟသူ (သိင်္ခသူ) သည် ၁၃၁၂ ခုနှစ်တွင် ပင်းယကို တည်ထောင်ခဲ့သည်။
- အသင်္ခယာစောယွန်းသည် စစ်ကိုင်းတွင် သီးခြားမြို့နန်းတည်၍ စိုးစံသည်။
- ပင်းယတွင် မင်းဆက် ၅ ဆက်၊ စစ်ကိုင်းတွင် မင်းဆက် ၇ ဆက် နန်းစံခဲ့သည်။

**၁.၁.၂။ မောရှမ်း**

ပင်းယ၊ စစ်ကိုင်းမင်းများ အုပ်ချုပ်နေစဉ် မြောက်ဘက်တစ်လွှားမှ ရှမ်းပဒေသရာဇ်တို့ အင်အားကြီးထွားလာသည်။ ၎င်းတို့ကို မောရှမ်းဟုခေါ်ပြီး မြန်မာတို့က ရှမ်းကြီးဟု ခေါ်သည်။ မောရှမ်းတို့သည် အင်အားတောင့်တင်းခဲ့ပြီး ယခု နမ့်ခမ်းအနီးတွင် မြို့တော်တည်ထောင်၍ နေထိုင်ခဲ့ကြသည်။ မောရှမ်းတို့သည် ပင်းယမင်း၏ စစ်ကိုင်းကိုတိုက်ခိုက်ရန် ဖိတ်ခေါ်ချက်ကို လက်ခံ၍ မြေပြန့်သို့ ဆင်းလာကြသည်။ သို့သော် မောရှမ်းတို့က စစ်ကိုင်းကို တိုက်ခိုက်သောအခါ ပင်းယမင်း၏ စစ်သည်တော်များသည် မောရှမ်းတို့ကို မကူညီဘဲ နေခဲ့ကြသည်။ ထိုကဲ့သို့ ပင်းယမင်း၏ သစ္စာဖောက်ခြင်းကို မခံမရပ်နိုင်ဖြစ်၍ ဧရာဝတီမြစ်ကိုဖြတ်ကာ ပင်းယကို တိုက်ခိုက်ခဲ့ကြသည်။ မောရှမ်းတို့သည် ပင်းယကို အောင်နိုင်သော်လည်း ပြန်လည်ဆုတ်ခွာသွားခဲ့သည်။

**အဓိကအချက်များ**

- ပင်းယ၊ စစ်ကိုင်းမင်းများ အုပ်ချုပ်နေစဉ် မြောက်ဘက်တစ်လွှားမှ ရှမ်းပဒေသရာဇ်တို့ အင်အားကြီးထွားလာသည်။
- မောရှမ်းတို့သည် ယခု နမ့်ခမ်းအနီးတွင် မြို့တော်တည်ထောင်၍ နေထိုင်ခဲ့ကြသည်။
- ပင်းယမင်း၏ သစ္စာဖောက်ခြင်းကို မခံမရပ်နိုင်ဖြစ်၍ မောရှမ်းတို့ ပင်းယကို တိုက်ခိုက်ခဲ့ကြသည်။

## ၁.၁.၃။ အင်းဝ



**ပုံ–၁.၂ အင်းဝမြို့ဟောင်းတံခါး**

မောရှမ်းတို့ ပြန်လည်ဆုတ်ခွာသွားချိန်တွင် သတိုးမင်းဖျားသည် ပင်းယနှင့်စစ်ကိုင်းကို ဖျက်သိမ်း၍ အင်းဝမြို့နန်းသစ်ကို ၁၃၆၅ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ထိုအချိန်မှစ၍ ချင်းတွင်းနှင့် ဧရာဝတီမြစ်ဆုံဒေသရှိ အင်းဝသည် အင်အားကောင်းသော ပဒေသရာဇ်နိုင်ငံ ဖြစ်လာခဲ့သည်။ သတိုးမင်းဖျားသည် တောင်ငူဒေသကို စိုးမိုးနိုင်ရန် ကြိုးပမ်းအားထုတ်နေချိန်တွင် နတ်ရွာစံခဲ့သည်။

သတိုးမင်းဖျားကို ဆက်ခံသူ မင်းကြီးစွာစော်ကဲသည် ရှမ်းညီနောင်များမှ ဆင်းသက်လာသူ ဖြစ်သော်လည်း အုပ်ချုပ်ရေးတွင် မြန်မာထုံးတမ်းစဉ်လာအတိုင်း ဆောင်ရွက်အုပ်ချုပ်ခဲ့သည်။ ထိုမင်းသည် ကျောက်ဆည်နယ်ရှိ ဇီးတောဆည်နှင့် မိတ္ထီလာကန်ပေါင်ကို ပြုပြင်မွမ်းမံခဲ့သည်။ မင်းကြီးစွာစော်ကဲနောက် ဆက်ခံသည့် အင်းဝဘုရင်မင်းခေါင်လက်ထက်တွင် ဟံသာဝတီဘုရင် ရာဇာဓိရာဇ်နှင့် အချင်းချင်း အင်အားပြိုင်သည့် စစ်ပွဲများ ဆင်နွှဲခဲ့သည်။ ထိုစစ်ပွဲများသည် နှစ်ပေါင်း ၃၆ နှစ်ကြာ ဖြစ်ပွားခဲ့ပြီး နှစ်လေးဆယ်စစ်ပွဲဟုခေါ်သည်။

အင်းဝထီးနန်းကို ဆက်ခံသူ မင်းခေါင်၏ သားတော်သီဟသူသည် မွန်တို့ကို ရန်ဘက်အဖြစ် ယူဆခြင်းမပြုဘဲ မိတ်ဖက် ညီရင်းအစ်ကိုကဲ့သို့ သဘောထားသူ ဖြစ်သည်။ အုန်းဘောင် (သီပေါ)၊ ညောင်ရွှေ၊ မိုးညှင်း စသည့်နယ်များက မကြာခဏ ပုန်ကန်ခဲ့ကြသဖြင့် အထက်အညာဒေသသည် အေးချမ်းငြိမ်သက်ခြင်း မရှိခဲ့ပေ။ သဘာဝ ဘေးအန္တရာယ်များဖြစ်သည့် မီးဘေး၊ ရေဘေး၊ များကြုံတွေ့ခဲ့ရပြီး ရောဂါဘယများ ထူပြောခဲ့သည်။ စစ်ပွဲကြောင့် လူအများ စားနပ် ရိက္ခာရှားပါး၍

ငတ်မွတ် ခေါင်းပါးခဲ့ကြသည်။ နှစ်ပေါင်း ၁၀၀ခန့် ပြည်တွင်း မညီမညွတ်ဖြစ်ခဲ့ခြင်း၊ ပြည်ပမှ ဝင်ရောက် နှောင့်ယှက်ခြင်းများကြောင့် တိုင်းပြည် ယိုယွင်းပျက်စီးခဲ့ရသည်။

ထိုကာလပြီးနောက် တိုင်းပြည်တွင် ငြိမ်းချမ်းသာယာရေးနှင့် စိုက်ပျိုးရေးလုပ်ငန်း တိုးတက်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ အင်းဝ-ဟံသာဝတီစစ်ကြောင့် ပျက်စီးယိုယွင်းခဲ့သည်များကိုလည်း ပြန်လည်ပြင်ဆင်နိုင်ခဲ့သည်။ ၁၅၀၀ ပြည့်နှစ်တွင် သံဃရာဇာ (ရဟန်းအကြီးအကဲ) ဦးဆောင်သည့် တောကျောင်းရဟန်းများက သာသနာရေးအပြင် ကာကွယ်ရေး၊ အေးချမ်းသာယာရေး၊ လယ်ယာစိုက်ပျိုးရေး စသည့် နိုင်ငံထူထောင်ရေးလုပ်ငန်းများတွင် ရှေ့ဆောင်လမ်းပြခဲ့ကြသည်။ ဒုတိယမင်းခေါင်လက်ထက်တွင် အင်းဝ အင်အားကျဆင်းလာပြီး တောင်ငူ၌ မင်းကြီးညိုသည် အင်းအားကောင်းလာခဲ့သည်။ ထို့နောက် တောင်ငူဒေသသည် တောင်ပိုင်း၌ အင်အားအကြီးဆုံးသော ပဒေသရာဇ်နိုင်ငံအဖြစ် ပေါ်ထွက်လာခဲ့သည်။ အင်းဝ၊ မိုးညှင်း၊ သိန္နီ၊ ဗန်းမော်၊ ညောင်ရွှေနှင့် မိုးနဲစော်ဘွားတို့ ပူးပေါင်း၍ တောင်ငူကို ဟန့်တားရန် ကြိုးပမ်းသော်လည်း မအောင်မြင်ခဲ့ပေ။ မြောက်ပိုင်းဒေသများကိုပါ သိမ်းယူနိုင်သည့် အခြေအနေသို့ ရောက်ရှိခဲ့သည်။

အင်းဝနှင့် ဟံသာဝတီ အားပြိုင်နေသည့်အချိန်တွင် တောင်ငူသည် စစ်လမ်းကြောင်းမှ ကင်းလွတ်သဖြင့် မြန်မာတို့၏ ခိုလှုံစုဝေးရာ ဖြစ်ခဲ့သည်။ ထို့ကြောင့် တောင်ငူသည် အင်အားကြီးမားလာပြီး မြောက်ဘက် ကျောက်ဆည်ခရိုင်အထိ တန်ခိုးသြဇာ ပျံ့နှံ့ခဲ့သည်။ ထိုဒေသရှိ ကြွယ်ဝဖွံ့ဖြိုးသော လယ်မြေများသည် တောင်ငူအတွက် အရေးပါသော စီးပွားရေးအင်အား ဖြစ်ခဲ့သည်။

**အဓိကအချက်များ**

- ၁၃၆၅ ခုနှစ်တွင် သတိုးမင်းဖျားသည် အင်းဝကို တည်ထောင်ခဲ့သည်။
- အင်းဝတွင် နှစ် ၁၀၀ ခန့်အတွင်း ပြည်တွင်း မညီမညွတ်ဖြစ်ခဲ့ခြင်း၊ ပြည်ပမှ ဝင်ရောက် နှောင့်ယှက်ခြင်းများကြောင့် တိုင်းပြည် ယိုယွင်းပျက်စီးခဲ့ရသည်။
- အင်းဝနှင့် ဟံသာဝတီ အားပြိုင်သည့်စစ်ပွဲကို နှစ်လေးဆယ်စစ်ပွဲဟု ခေါ်သည်။
- နှစ်ပေါင်း ၁၀၀ ခန့်အတွင်း အင်အားကျဆင်းခဲ့ရသည့် အင်းဝကို ငြိမ်းချမ်းသာယာရေးနှင့် စိုက်ပျိုးရေးလုပ်ငန်း တိုးတက်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။
- တောကျောင်းရဟန်းများက နိုင်ငံထူထောင်ရေး လုပ်ငန်းများတွင် ရှေ့ဆောင်လမ်းပြခဲ့ကြသည်။
- စစ်လမ်းကြောင်းမှ ကင်းလွတ်သော တောင်ငူသည် မြန်မာတို့ ခိုလှုံစုဝေးရာနေရာဖြစ်ကာ အင်အားကောင်းလာခဲ့သည်။



DBE BOX

## ၁.၁.၄။ ပဲခူး (ဟံသာဝတီ)

အင်းဝ မြို့နန်းသစ် တည်ထောင်ချိန်တွင် တောင်ပိုင်း မုတ္တမတွင်လည်း အင်အားသစ်တစ်ရပ် ပေါ်ပေါက်လာခဲ့သည်။ ယိုးဒယားမင်းလက်အောက်၌ စစ်မှုထမ်းခဲ့ဖူးသူ ဝါရီရူသည် မုတ္တမမြို့စားအား ဖယ်ရှား၍ မြို့တော်ကို သိမ်းပိုက်ခဲ့သည်။ ဝါရီရူသည် ပဲခူးမြို့စားတရဖျားနှင့် မဟာမိတ်ဖွဲ့၍ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများကို တိုက်ခိုက်သိမ်းသွင်းခဲ့သည်။ သို့ရာတွင် မဟာမိတ်နှစ်ဦး စည်းလုံးမှုပြိုကွဲ၍ ဝါရီရူသည် တရဖျားကို လုပ်ကြံပြီးလျှင် မြန်မာနိုင်ငံ အောက်ပိုင်းဒေသများကို တစ်ဦးတည်း သိမ်းပိုက်အုပ်ချုပ်သည်။

ဝါရီရူသည် ၁၃၆၉ ခုနှစ်တွင် မြို့တော်ကို မုတ္တမမှ ပဲခူး (ဟံသာဝတီ) သို့ ပြောင်းရွှေ့ခဲ့သည်။ ပဲခူးသို့ ဝါရီရူ ပြောင်းရွှေ့နန်းစံခြင်းကြောင့် မြန်မာနိုင်ငံတောင်ပိုင်း၌ မွန်ပဒေသရာဇ်နိုင်ငံတစ်ခုအဖြစ် အထင်အရှား ပေါ်ပေါက်လာခဲ့သည်။ အင်းဝ အင်အားကျဆင်းလာချိန်တွင် တောင်ပိုင်းရှိ မွန်တို့သည် ရန်သူကို တွန်းလှန်နိုင်ခဲ့ပြီး တိုင်းပြည် ပြန်လည်ထူထောင်နိုင်သည့် အခြေအနေသို့ ရောက်ရှိခဲ့သည်။

ပဲခူး၊ မုတ္တမ စသော မွန်နေပြည်တော်တို့သည် ပင်လယ်ဝတွင် တည်ရှိနေသောကြောင့် ကုန်သွယ်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးလာခြင်းနှင့်အတူ မွန်စာပေနှင့် ဗိသုကာပညာသည်လည်း ပြန်လည်ပေါ်ထွန်းလာခဲ့သည်။ မွန်ဘုရင်များအနက် ဘုရင်မရှင်စောပုသည် နန်းသက်တစ်လျှောက်တွင် ဗုဒ္ဓသာသနာတော်ကို ချီးမြှောက်ခဲ့သူ ဖြစ်သည်။ ဘုရင်မကြီးသည် မြန်မာနိုင်ငံသမိုင်းတွင် တစ်ဦးတည်းသော ဘုရင်မဖြစ်ပြီး ၎င်းလက်ထက်တွင် နိုင်ငံအေးချမ်းသာယာမှု ရှိလာခြင်းကြောင့် ပြည်သူပြည်သားတို့၏ နှစ်လိုကြည်ဖြူမှုကို ရရှိခဲ့သည်။



ပုံ–၁.၃ ပဲခူးကလျာဏီသိမ်တော်

ရှင်စောပုကို ဆက်ခံသည့် ဓမ္မစေတီမင်း လက်ထက်တွင် တိုင်းပြည် စည်ပင်ဝပြော၍ ဗုဒ္ဓသာသနာလည်း ထွန်းကားခဲ့သည်။ ပဲခူးမြို့တွင် ဘုရားတည်ရန် ပုံသဏ္ဌာန်နှင့် တည်ဆောက်ပုံ နည်းနာများ လေ့လာရန်အတွက် ၁၄၇၂ ခုနှစ်တွင် ဗုဒ္ဓဂယာသို့ သာသနာ အဖွဲ့တစ်ဖွဲ့ စေလွှတ်ခဲ့သည်။ ထို့ပြင် ၁၄၇၅ ခုနှစ်တွင် သီဟိုဠ်ရှိ မဟာဝိဟာရကျောင်းတော်သို့ သံဃာတော်များ စေလွှတ်ခဲ့သည်။ သံဃာတော်များ ပြန်လည်ရောက်ရှိလာကြ

သောအခါ မြန်မာနိုင်ငံမှ သံဃာတော်များနှင့် ယိုးဒယားမှ သံဃာတော်များပါ ပဲခူးအနီး ကလျာဏီသိမ်တွင် သိက္ခာသစ် တင်စေခဲ့သည်။ ၎င်းအကြောင်းကို ဓမ္မစေတီမင်းက ကလျာဏီကျောက်စာတွင် မှတ်တမ်းတင်ခဲ့သည်။



ပုံ–၁.၄ ပဲခူးကလျာဏီကျောက်စာ

**အဓိကအချက်များ**

- ဝါရီရူသည် ပဲခူးမြို့စား တရဖျားနှင့် မဟာမိတ် ဖွဲ့ခဲ့သည်။
- ၁၃၆၉ ခုနှစ်တွင် ဝါရီရူသည် မြို့တော်ကို မုတ္တမမှ ပဲခူးသို့ ပြောင်းရွှေ့ခဲ့သည်။
- ပဲခူးနှင့် မုတ္တမသည် ကုန်သွယ်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးလာခြင်းနှင့်အတူ မွန်စာပေနှင့် ဗိသုကာပညာသည်လည်း ပြန်လည်ပေါ်ထွန်းလာခဲ့သည်။
- ဘုရင်မကြီး ရှင်စောပုသည် မြန်မာနိုင်ငံသမိုင်းတွင် တစ်ဦးတည်းသော ဘုရင်မဖြစ်ခြင်း၊ ၎င်းလက်ထက်တွင် နိုင်ငံအေးချမ်းသာယာမှု ရှိလာခြင်းတို့ကြောင့် ပြည်သူပြည်သားတို့၏ နှစ်လိုကြည်ဖြူမှုကို ရရှိခဲ့သည်။
- ဓမ္မစေတီမင်း လက်ထက်တွင် တိုင်းပြည် စည်ပင်ဝပြော၍ ဗုဒ္ဓသာသနာလည်း ထွန်းကားခဲ့သည်။

## ၁.၁.၅။ ရှမ်းပဒေသရာဇ် ပြည်ထောင်ငယ်များ ပေါ်ပေါက်လာခြင်း

အင်းဝပဒေသရာဇ်မင်းနိုင်ငံနှင့်အပြိုင် အင်အားကောင်းလာသော ရှမ်းနယ်အသီးသီးက အားပြိုင်လာခဲ့သည်။ ဧရာဝတီအနောက်ဘက်တွင် မိုးညှင်း၊ မိုးကောင်းနှင့် ကလေးဟူ၍လည်းကောင်း၊ အရှေ့ဘက်တွင် သိန္နီ၊ သီပေါနှင့် မိုးမိတ်ဟူ၍ လည်းကောင်း၊ အရှေ့တောင်ဘက်တွင် ညောင်ရွှေ၊ မိုးနဲနှင့် ကျိုင်းတုံ ဟူ၍လည်းကောင်း ပေါ်ထွန်းလာကြသည်။ ထိုရှမ်းပဒေသရာဇ်ပြည်ထောင်ငယ်တို့သည် အခါအခွင့်သင့်တိုင်း ပုန်ကန်ကြသဖြင့် အခြေအနေ ပိုမိုရှုပ်ထွေးခဲ့သည်။

**အဓိကအချက်**

- အင်းဝပဒေသရာဇ်မင်းနိုင်ငံနှင့်အပြိုင် အင်အားကောင်းလာသော ရှမ်းနယ်အသီးသီးက အားပြိုင်လာခဲ့သည်။

**လေ့ကျင့်ရန် မေးခွန်းများ**

**၁။ အောက်ပါ ကွက်လပ်များကို ဖြည့်ပါ။**

(က) စစ်ကိုင်းမြို့ကို တည်ထောင်သူမှာ ______ ဖြစ်သည်။ ( )

(ခ) မောရှမ်းတို့သည် ယခု ______ အနီးတွင် မြို့တော်တည်၍ နေထိုင်ခဲ့ကြသည်။ ( )

(ဂ) ပဲခူးနှင့် မုတ္တမတို့သည် ကုန်သွယ်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးလာခြင်းနှင့်အတူ မွန်စာပေနှင့် ______ သည်လည်း ပြန်လည်ပေါ်ထွန်းလာခဲ့သည်။ ( )

(ဃ) ရှင်စောပုကို ဆက်ခံသူ ______ မင်းလက်ထက်တွင် တိုင်းပြည် စည်ပင်ဝပြော၍ ဗုဒ္ဓသာသနာလည်း ထွန်းကားခဲ့သည်။ ( )

(င) အင်းဝပဒေသရာဇ်မင်းနိုင်ငံနှင့်အပြိုင် အင်အားကောင်းလာသော ______ က အားပြိုင်လာခဲ့သည်။ ( )

**၂။ အောက်ပါတို့ကို မှန်လျှင် (မှန်) မှားလျှင် (မှား) ဟု ရေးပါ။**

(က) မင်းကြီးစွာစော်ကဲသည် ရှမ်းညီနောင်များမှ ဆင်းသက်လာသူ ဖြစ်သောကြောင့် အုပ်ချုပ်ရေးတွင် မြန်မာထုံးတမ်းစဉ်လာအတိုင်း အုပ်ချုပ်ခြင်း မရှိခဲ့ပေ။ ( )

(ခ) ကျောက်ဆည်နယ်ရှိ ဇီးတောဆည်နှင့် မိတ္ထီလာကန်ပေါင်ကို သတိုးမင်းဖျားက ပြုပြင်မွမ်းမံခဲ့သည်။ ( )

(ဂ) အင်းဝ မြို့နန်းသစ် တည်ထောင်ချိန်တွင် တောင်ပိုင်း မုတ္တမတွင်လည်း အင်အားသစ် တစ်ရပ် ကျဆင်းလာခဲ့သည်။ ( )

(ဃ) ဝါရီရူသည် ပဲခူးမြို့စား တရဖျားနှင့် မဟာမိတ်ဖွဲ့ခဲ့သည်။ ( )

(င) တောင်ငူသည် အင်အားကြီးမားလာပြီး မြောက်ဘက် ကျောက်ဆည်ခရိုင်အထိ တန်ခိုးသြဇာ ပျံ့နှံ့ခဲ့သည်။ ( )



DBE BOX

**၃။ အောက်ပါ မေးခွန်းများကို ဖြေဆိုပါ။**

(က) မောရှမ်းတို့က ပင်းယကို အဘယ့်ကြောင့် တိုက်ခိုက်ခဲ့သနည်း။

(ခ) သတိုးမင်းဖျားက အင်းဝကို မည်သို့ ထူထောင်ခဲ့သနည်း။

(ဂ) နှစ်လေးဆယ်စစ်ပွဲ အကြောင်းကို ရှင်းပြပါ။

(ဃ) အင်းဝအင်အားကျဆင်းချိန် မွန်တို့၏ အခြေအနေကို တင်ပြပါ။

(င) ဘုရင်မကြီးရှင်စောပုသည် ပြည်သူပြည်သားတို့၏ နှစ်လိုကြည်ဖြူမှုကို အဘယ်ကြောင့် ရရှိခဲ့သနည်း။

**၄။ အောက်ပါ မေးခွန်းများကို ဆွေးနွေး၍ ရလဒ်များကို မှတ်စုစာအုပ်တွင် ရေးပါ။**


(က) ပင်းယ၊ စစ်ကိုင်း ပေါ်ပေါက်ခဲ့ပုံကို ဆွေးနွေးပါ။

(ခ) ဝါရီရူသည် ပဲခူး (ဟံသာဝတီ) ထီးနန်း မည်သို့ တည်ထောင်ပုံကို ဆွေးနွေးတင်ပြပါ။

(ဂ) ဓမ္မစေတီမင်းလက်ထက် တိုင်းပြည်အခြေအနေကို သုံးသပ်ပါ။

**သင်ခန်းစာ ၁.၁။ ပုဂံခေတ် နောက်ပိုင်း ပဒေသရာဇ် မင်းနိုင်ငံများ ပေါ်ပေါက်လာခြင်းတွင် သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။**

**ပုဂံခေတ် နောက်ပိုင်း ပဒေသရာဇ် မင်းနိုင်ငံများ ပေါ်ပေါက်လာခြင်း**




**သင်ခန်းစာ ၁.၁ ပုံပါ ရင်းမြစ်များ**

**ပုံ ၁.၁ စစ်ကိုင်း၊ ပင်းယ၊ အင်းဝနှင့် ဟံသာဝတီ၊ မြောက်ဦး တည်နေရာပြ မြန်မာနိုင်ငံမြေပုံ**

(သန်းထွန်း၊ မြန်မာ့သမိုင်းမြေပုံများ၊ ရန်ကုန်၊ မြန်မာ့သမိုင်းအဖွဲ့ နှစ် (၅၀) ရွှေရတု အထိမ်းအမှတ် စာအုပ်စာတမ်းများ ပုံနှိပ်ထုတ်ဝေရေးကော်မတီ၊ ၂၀၀၅)။

**ပုံ ၁.၂ အင်းဝမြို့ဟောင်းတံခါး** (ဦးသူရအောင်၊ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ရှေးဟောင်းသုတေသန ပညာအသင်း)

**ပုံ ၁.၃ ပဲခူး ကလျာဏီသိမ်တော်** (https://commons.wikimedia.org/wiki/File:Kalyani_Sima.jpg) (၂၅-၆-၁၉)

**ပုံ ၁.၄ ပဲခူး ကလျာဏီကျောက်စာ** (http://amazingbago.blogspot.com/2012/09/kalyarni-sima-ordination-hall.html) (၂၈-၆-၁၉)

**ကျမ်းကိုးစာရင်း**

၁။ ကျော်သက်၊ ဒေါက်တာ၊ ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်း၊ ဒုတိယအကြိမ်၊ ရန်ကုန်မြို့၊ ဝင်းတိုးအောင်ပုံနှိပ်တိုက်၊ ၂၀၁၅။

၂။ သန်းထွန်း၊ ဒေါက်တာ၊ မြန်မာ့သမိုင်းမြေပုံများ၊ ရန်ကုန်၊ သမိုင်းသုတေသနနှင့် အမျိုးသား စာကြည့်တိုက် ဦးစီးဌာန၊ ၂၀၁၇။

၃။ Harvey, G.E, History of Burma,London, Frank Cass & Co.Ltd.1967.

DBE BOX

## ၁.၂။ တောင်ငူခေတ် (ပထမပိုင်း)

**နိဒါန်း**

ဤအခန်းတွင် တောင်ငူခေတ်စတင်ခြင်း၊ ဟံသာဝတီတည်ထောင်ခြင်း၊ ဘုရင့်နောင်၏ နိုင်ငံစည်းရုံးရေး ဆောင်ရွက်ချက်များနှင့် ဗမာ၊ မွန်၊ ရှမ်း ဆက်ဆံရေးတို့ကို လေ့လာသင်ယူနိုင်မည် ဖြစ်သည်။

### ဤသင်ခန်းစာနှင့် ပတ်သက်၍ သင်သိရှိပြီးသော အကြောင်းအရာ

ရှေ့ကသင်ယူပြီးခဲ့သော သင်ခန်းစာတွင် ပုဂံခေတ်နောက်ပိုင်း ပင်းယ၊ စစ်ကိုင်း၊ မောရှမ်း၊ အင်းဝ၊ ပဲခူး (ဟံသာဝတီ)၊ ရှမ်းပဒေသရာဇ် ပြည်ထောင်ငယ်များ ပေါ်ပေါက်လာခြင်း အကြောင်းကို သိရှိခဲ့ပြီး ဖြစ်သည်။

### သင်ခန်းစာပြီးလျှင် သင်သည် အောက်ပါတို့ကို သိရှိနားလည် လုပ်ဆောင်နိုင်မည်။

ဤအခန်းကို သင်ယူပြီးပါက တောင်ငူခေတ်စတင်ခြင်း၊ ဟံသာဝတီတည်ထောင်ခြင်း၊ ဘုရင့်နောင်၏ နိုင်ငံစည်းရုံးရေး ဆောင်ရွက်ချက်များနှင့် ဗမာ၊ မွန်၊ ရှမ်း ဆက်ဆံရေး စသည့် အကြောင်းရင်းများကို ဆန်းစစ်တတ်မည်။

### ၁.၂.၁။ တောင်ငူခေတ်စတင်ခြင်း



**ပုံ-၁.၅ ရွှေဆံတော်စေတီတော် (တောင်ငူ)**

တောင်ငူ(ကေတုမတီ) သည် အင်းဝ လက်အောက်ခံ မြို့တစ်မြို့ ဖြစ်ခဲ့သည်။ တောင်ငူမြို့သည် စစ်တောင်းမြစ်ဝှမ်းဒေသတွင် တည်ရှိသည်။ အင်းဝနှင့် ဟံသာဝတီ စစ်လမ်းကြောင်းမှ အလှမ်းဝေးသည့်အတွက် စစ်ဘေးဒဏ်မှ ကင်းဝေးပြီး လူအများ ခိုလှုံရာနေရာ ဖြစ်ခဲ့သည်။ ရှမ်းတို့၏ရန်ကြောင့် အင်းဝ ယိမ်းယိုင်လာသောအခါ



DBE BOX

တောင်ငူအင်အားကောင်းလာခဲ့သည်။ ၁၅၁၀ ပြည့်နှစ်တွင် မင်းကြီးညိုသည် တောင်ငူမြို့ကို တည်ထောင်ခဲ့သည်။ ၁၅၂၇ ခုနှစ်တွင် ရှမ်းတို့ အင်းဝကို သိမ်းပိုက်လိုက်သောအခါ မြန်မာခေါင်းဆောင် အများအပြား တောင်ငူသို့ ခိုဝင်လာသည်။ ထို့ကြောင့် တောင်ငူသည် မင်းကြီးညိုလက်ထက်တွင် ပိုမိုအင်အားကောင်းလာသည်။

**အဓိကအချက်များ**

- တောင်ငူမြို့သည် စစ်ဘေးဒဏ်မှ ကင်းဝေးပြီး လူအများ ခိုလှုံရာနေရာဖြစ်သောကြောင့် အင်အားကောင်းလာခဲ့သည်။
- မင်းကြီးညိုသည် ၁၅၁၀ ပြည့်နှစ်တွင် တောင်ငူမြို့ကို တည်ထောင်ခဲ့သည်။
- ရှမ်းတို့ အင်းဝကို သိမ်းပိုက်လိုက်သောအခါ မြန်မာခေါင်းဆောင် အများအပြား ခိုဝင်လာသည့်အတွက် တောင်ငူသည် ပိုမိုအင်အားကောင်းလာသည်။




**ပုံ–၁.၆ ရှေးခေတ်ကေတုမတီတောင်ငူနေပြည်တော်**

## ၁.၂.၂။ ဟံသာဝတီတည်ထောင်ခြင်း



**ပုံ-၁.၇ ဘုရင့်နောင်မင်းတရားကြီးလက်ထက် တည်ဆောက်ခဲ့သောပုံစံအတိုင်း ပြန်လည်တည်ဆောက်ထားသော ယနေ့ကမ္ဘောဇသာဒီရွှေနန်းတော်**

တောင်ငူ (ကေတုမတီ) တွင် မင်းကြီးညို နတ်ရွာစံသောအခါ သားတော် တပင်ရွှေထီး ထီးနန်းဆက်ခံပြီး မြန်မာတစ်နိုင်ငံလုံးကို စည်းရုံးနိုင်ရန် ဆက်လက်ကြိုးပမ်းခဲ့သည်။ တပင်ရွှေထီး လက်ထက်တွင် ဟံသာဝတီကို သွားရောက် တိုက်ခိုက်ခဲ့သည်။ တောင်ဘက်ပိုင်းရှိ မွန်ပဒေသရာဇ်တို့မှာ စည်းလုံးခြင်း မရှိဘဲ ပုသိမ်၊ မြောင်းမြ၊ မော်လမြိုင်၊ မုတ္တမ၊ ဟံသာဝတီ ဟူ၍ကွဲပြားနေသည့်အတွက် တပင်ရွှေထီးသည် မွန်ပဒေသရာဇ်များကို တိုက်ခိုက်အောင်မြင်ခဲ့သည်။

ထို့နောက် တပင်ရွှေထီးသည် နေပြည်တော်ကို တောင်ငူ (ကေတုမတီ)မှ ဟံသာဝတီသို့ ပြောင်းရွှေ့ခဲ့သည်။ တပင်ရွှေထီးသည် ၁၅၄၉ ခုနှစ်မှစတင်ပြီး တိုင်းပြည်ရေးရာများကို လျစ်လျူရှုခဲ့သည်။ ထိုသို့ တပင်ရွှေထီး၏ အုပ်ချုပ်မှုအာဏာ လျော့နည်းလာချိန်တွင် ဒဂုန်၊ ဒလ၊ သန်လျင်ဒေသတို့မှ ပုန်ကန်ထကြွသောကြောင့် တပင်ရွှေထီး၏ ယောက်ဖတော်သူ ဘုရင့်နောင်ကိုယ်တိုင် သွားရောက် နှိမ်နင်းခဲ့ရသည်။ ထိုအချိန်တွင် မွန်သူကောင်းမျိုး သမိန်စောထွတ်၏ လုပ်ကြံမှုကြောင့် ၁၅၅၀ ပြည့်နှစ်တွင် တပင်ရွှေထီး နတ်ရွာစံခဲ့ရသည်။

**အဓိကအချက်များ**


- တပင်ရွှေထီးသည် မြန်မာတစ်နိုင်ငံလုံး စည်းရုံးနိုင်ရန် ဆက်လက်ကြိုးပမ်းခဲ့သည်။
- တပင်ရွှေထီးသည် နေပြည်တော်ကို တောင်ငူမှ မွန်တို့ဒေသ ဟံသာဝတီသို့ ပြောင်းရွှေ့ခဲ့သည်။

## ၁.၂.၃။ ဘုရင့်နောင်၏ နိုင်ငံစည်းရုံးရေး ဆောင်ရွက်ချက်များ

တပင်ရွှေထီး နတ်ရွာစံသည်နှင့် တစ်ပြိုင်နက် ပဒေသရာဇ်တို့က မိမိတို့ အပိုင်စားရသော မြို့အသီးသီးကို အခိုင်အမာပြုပြီး ပုန်ကန်ခြားနားခဲ့ကြသည်။ ပြည်၊ တောင်ငူနှင့် ဟံသာဝတီမှ ပဒေသရာဇ်တို့ကလည်း ပြန်လည်လှုပ်ရှားလာသည်။ ထိုသို့ ပြန်လည်ရှုပ်ထွေးလာသော အခြေအနေတွင် ဘုရင့်နောင်သည် ထင်ရှားလာသည်။ တပင်ရွှေထီး လုပ်ကြံခံရချိန်တွင် ဘုရင့်နောင်သည် ဟံသာဝတီ၌ မရှိသည့်အတွက် ဟံသာဝတီထီးနန်းကို သမိန်စောထွတ်က သိမ်းယူသည်။ သို့ရာတွင် အမတ်တို့က ၎င်းကို ဆန့်ကျင်နန်းချကာ သမိန်ထောရာမကို ဘုရင်အဖြစ် တင်မြှောက်သည်။

သို့ဖြစ်၍ ဘုရင့်နောင်သည် ဟံသာဝတီကို ပြန်လည်ရရှိရန်အတွက် ဒဂုန်၊ ဒလတို့မှ တောင်ငူသို့ ချီတက်ရသည်။ တောင်ငူကို ရရှိပြီးနောက် ပြည်မြို့ကိုရရန် ကြိုးပမ်းသည်။ ပြည်မြို့စားက အပြင်းအထန် ခုခံသဖြင့် ဘုရင့်နောင်သည် ပြည်ကိုဝန်းရံနေသော တပ်အင်အားကို လျှော့ချ၍ ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ မြို့ရွာများကို တိုက်ခိုက်သိမ်းသွင်းခဲ့ရသည်။ အောင်လံ(မြေထဲ)၊ လယ်ကိုင်း၊ မလွန်၊ စကု၊ မြင်ကွန်း၊ မင်းတုန်း၊ တိုင်တားနှင့် မင်းတပ်မြို့စားတို့ ဘုရင့်နောင် လက်အောက်သို့ ခိုဝင်လာကြသည်။

ဘုရင့်နောင်သည် စုဆောင်းရရှိသော လူသူအင်အားများကို ညီတော်များအား ပေးအပ်၍ မြေထဲဒေသတွင် အခိုင်အမာနေစေပြီး တောင်ငူသို့ပြန်ခဲ့သည်။ ၁၅၅၀ ပြည့်နှစ်တွင် ပြည်မြို့ အင်အားနည်းနေကြောင်း ကြားသိရသဖြင့် ပြည်မြို့ကို ဒုတိယအကြိမ် ချီတက်ပြီး သိမ်းပိုက်ရရှိခဲ့သည်။ ဘုရင့်နောင်သည် ပြည်မြို့ကို ရရှိပြီးနောက် ပုဂံနှင့်စလေကို ဆက်လက်ချီတက် သိမ်းပိုက်သည်။ ၁၅၅၂ ခုနှစ်တွင် ဟံသာဝတီကို ပြန်လည်တိုက်ခိုက် အောင်မြင်ခဲ့သည်။ ဟံသာဝတီကို ရရှိပြီးနောက် အရှေ့ဘက် မုတ္တမဝန်းကျင်ရှိ မြို့စားရွာစားတို့ကလည်း အညံ့ခံကြသည်။ ဤသို့ဖြင့် ဘုရင့်နောင်သည် တပင်ရွှေထီးလက်ထက်က ပိုင်ဆိုင်ခဲ့သော မြို့ရွာများကို လက်အောက်ခံအဖြစ် ပြန်လည်သိမ်းသွင်း နိုင်ခဲ့သည်။




**ပုံ-၁-၈ ဘုရင့်နောင်၏နိုင်ငံတော်**

ထို့ပြင် ဘုရင့်နောင်သည် အင်းဝကို သိမ်းပိုက်ရန် ကြိုးပမ်းခဲ့သည်။ ပထမအကြိမ် တိုက်ခိုက်ရာတွင် အင်းဝဘက်မှ အုန်းဘောင်၊ ဗန်းမော်၊ မိုးကောင်း၊ မိုးညှင်းစော်ဘွားတို့က ကူညီသဖြင့် မအောင်မြင်ခဲ့ပေ။ ဘုရင့်နောင်ကိုယ်တိုင် ဦးစီးပြီး တိုက်ခိုက်ရာ ၁၅၅၅ ခုနှစ်တွင် အင်းဝကို ရရှိခဲ့သည်။ ဘုရင့်နောင်သည် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် ချင်းတွင်းဒေသရှိ မြို့ရွာများကို သိမ်းသွင်းပြီး အင်းဝဘက်မှ ကူညီခဲ့သော ရှမ်းစော်ဘွားနယ်များနှင့် ကိုးရှမ်းပြည်တို့ကို သိမ်းသွင်းနိုင်ခဲ့သည်။ သိမ်းပိုက်ရရှိသော ဒေသများမှ စော်ဘွားများကို ဆက်လက်မြှောက်စားခဲ့သည်။ ဘုရင့်နောင်သည် ၁၅၆၂ ခုနှစ်တွင် တစ်နိုင်ငံလုံးကို စုစည်းနိုင်ခဲ့သည်။ သို့ရာတွင် ရှမ်းနယ်များမှာ ဗဟိုအုပ်ချုပ်ရေးနှင့် အလှမ်းဝေးသောကြောင့်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေး ညံ့ဖျင်းသောကြောင့်လည်းကောင်း ပုန်ကန်မှုများ မကြာခဏ ဖြစ်ပွားခဲ့ရာ တောင်ငူသည် ယင်းပုန်ကန်မှုများကို နှိမ်နင်းခဲ့ရသည်။

ဘုရင့်နောင်သည် ရခိုင်မှအပ တစ်နိုင်ငံလုံးကို သိမ်းပိုက်ရရှိပြီးနောက် ၁၅၅၈ ခုနှစ်တွင် ဇင်းမယ်နှင့်လင်းဇင်း၊ ၁၅၅၉ ခုနှစ်တွင် မဏိပူရကသည်းနှင့် ၁၅၆၃ ခုနှစ်တွင် အယုဒ္ဓယကို တိုက်ခိုက်သိမ်းယူခဲ့သည်။ ထိုအချိန်မှစတင်ပြီး ဘုရင့်နောင် နတ်ရွာစံသည်အထိ အယုဒ္ဓယမှာ မြန်မာတို့ လက်အောက်ခံအဖြစ် ဆက်ဆံရေး ကောင်းမွန်ခဲ့သည်။ ဤသို့ဖြင့် ဘုရင့်နောင်သည် ၁၆ ရာစုနှောင်းပိုင်းကာလတွင် မြန်မာနိုင်ငံ၌ ပြိုင်ဘက်ကင်းသော ဧကရာဇ်တစ်ပါး ဖြစ်ခဲ့သည်။



**ပုံ-၁.၉ ဘုရင့်နောင်မင်းတရားကြီး၏ ခေါင်းလောင်းပုံ**

**အဓိကအချက်များ**

- တပင်ရွှေထီး နတ်ရွာစံသည်နှင့် တစ်ပြိုင်နက် ပဒေသရာဇ်တို့က မိမိတို့ အပိုင်စားရသော မြို့အသီးသီးကို အခိုင်အမာပြုပြီး ခြားနားခဲ့ကြသည်။
- ဘုရင့်နောင်သည် ဟံသာဝတီကို ပြန်လည်ရရှိရန်အတွက် ဒဂုန်၊ ဒလတို့မှ တောင်ငူသို့ ချီတက်ရသည်။
- ၁၅၅၀ ပြည့်နှစ်တွင် ပြည်မြို့ကိုသိမ်းပိုက်ရရှိသည်။
- ဘုရင့်နောင်သည် တပင်ရွှေထီးလက်ထက်က ပိုင်ဆိုင်ခဲ့သော မြို့ ရွာများကို လက်အောက်ခံအဖြစ် ပြန်လည်သိမ်းသွင်းနိုင်ခဲ့သည်။
- ဘုရင့်နောင်သည် ၁၅၆၂ ခုနှစ်တွင် တစ်နိုင်ငံလုံးကို စုစည်းနိုင်ခဲ့သည်။
- ဘုရင့်နောင်သည် ၁၆ ရာစု နောက်ပိုင်းကာလတွင် မြန်မာနိုင်ငံ၌ ပြိုင်ဘက်ကင်းသော ဧကရာဇ်တစ်ပါး ဖြစ်ခဲ့သည်။

## ၁.၂.၄။ ဗမာ၊ မွန်၊ ရှမ်း ဆက်ဆံရေး

တပင်ရွှေထီး လက်ထက်ကတည်းကပင် မွန်၊ ဗမာ၊ ရှမ်း စည်းလုံးညီညွတ်ရေးအတွက် လိုက်လျောညီထွေမှုရှိသည့် ဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုတို့ကို လက်ခံကျင့်သုံးခဲ့သည်။ မွန်၊ ဗမာ၊ ရှမ်း မှူးမတ်၊ စစ်သူကြီးများကို သင့်တင့်လျောက်ပတ်သော ရာထူးအဆင့်အတန်းများပေး၍ ညီညွတ်စေခဲ့သည်။ တပင်ရွှေထီးသည် မွန်ထုံးစံနှင့်အညီ ဆံဖြတ်ခြင်း၊ ဘိသိက်ခံခြင်း စသည်တို့ကို ပြုလုပ်ခဲ့သည်။ ထို့ပြင် တပင်ရွှေထီးသည် မိမိလက်အောက်သို့ ခိုဝင်လာသော မွန်၊ ရှမ်း မှူးမတ်တို့ကို အဆောင်အယောင်ပေးပြီး ချီးမြှင့်ခဲ့သည်။ ထို့ကြောင့် တပင်ရွှေထီး၏ လက်အောက်တွင် မွန်မှူးမတ်နှင့် စစ်သူရဲကောင်းများ ဝင်ရောက်အမှုထမ်းကြသည်။

ဘုရင့်နောင်သည် ကျယ်ဝန်းသော နိုင်ငံတော်ကြီးကို စုစည်းနိုင်ချိန်မှစ၍ ပုန်ကန်မှု အမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ရသော်လည်း မွန်၊ ဗမာ၊ ရှမ်း စည်းလုံးညီညွတ်ရေးကို အားသွန်ကြိုးပမ်းခဲ့သည်။ ဘုရင့်နောင်လက်ထက်တွင်လည်း တပင်ရွှေထီးကဲ့သို့ပင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် ဆောင်ရွက်သည်။ တိုက်ခိုက်သိမ်းသွင်းရရှိသော ပဒေသရာဇ် ခေါင်းဆောင်များကို သစ္စာခံစေပြီး အဆောင်အယောင် နှိမ့်ချခြင်း မပြုဘဲ သစ္စာမခံသူကိုသာ နှိမ်နင်းချေမှုန်းသည်။ တိုင်းရေး၊ ပြည်ရေး၊ စစ်မက်ရေးတို့၌ မွန်၊ ဗမာ၊ ရှမ်း မှူးမတ်တို့ကို ခေါ်ယူ၍ တိုင်ပင်ဆောင်ရွက်ခဲ့သည်။

တပင်ရွှေထီးနှင့်ဘုရင့်နောင်တို့ တည်ထောင်ခဲ့သော ဟံသာဝတီနေပြည်တော်သည် နန္ဒဘုရင် (ငါးဆူဒါယကာ) လက်ထက်တွင် ယိုယွင်းလာခဲ့သည်။ နန္ဒဘုရင် နန်းတက်ပြီးနောက်

အင်း၀သတိုးမင်းစောသည် ဟံသာဝတီကို တိုက်ခိုက်ရန် ကြံစည်ခဲ့သည်။ အင်း၀နှင့် ဟံသာဝတီ စစ်ဖြစ်နေစဉ်အတွင်း အရည်အချင်းနှင့်ပြည့်စုံသော ယိုးဒယား မင်းသား နရဲစွမ် (ခေါ်) ဗြနရာဇ်သည် ဟံသာဝတီကို ချီတက်လာသည်။ နန္ဒဘုရင် အင်း၀ကို အောင်နိုင်ကြောင်း သိသောအခါ ယိုးဒယားသို့ ပြန်လည် ဆုတ်ခွာသွားသည်။ ၁၅၉၉ ခုနှစ်တွင် နန္ဒဘုရင်၏ ညီတော် တောင်ငူမင်းနှင့် ရခိုင်မင်းတို့ ပူးပေါင်းကာ ဟံသာဝတီကို တိုက်ခိုက်ခဲ့ကြသည်။ နန္ဒဘုရင်သည် ၁၆၀၀ ပြည့်နှစ်တွင် တောင်ငူမင်း၏ သား နတ်ရှင်နောင်၏ လုပ်ကြံမှုကိုခံရပြီး နတ်ရွာစံခဲ့သည်။

ဟံသာဝတီ ပျက်ပြီးနောက် တောင်ငူ၊ မုတ္တမနှင့် ပြည်တို့မှ လက်အောက်ခံ ပဒေသရာဇ်များ၊ ရှမ်းပြည်မှ စော်ဘွားများသည် သီးခြားပြည်ထောင်ငယ်များ တည်ထောင်ပြီး အုပ်ချုပ်ခဲ့ကြသည်။ ဤသို့ဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် ပဒေသရာဇ်နိုင်ငံငယ် အများအပြား ပေါ်ပေါက်လာခဲ့သည်။

**အဓိကအချက်များ**

- တပင်ရွှေထီး လက်ထက်ကတည်းကပင် မွန်၊ ဗမာ၊ ရှမ်း စည်းလုံးညီညွတ်ရေးအတွက် လိုက်လျောညီထွေမှုရှိသည့် ဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုတို့ကို လက်ခံကျင့်သုံးခဲ့သည်။
- ဘုရင့်နောင်လက်ထက်တွင်လည်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် တပင်ရွှေထီး ကဲ့သို့ပင် ဆောင်ရွက်သည်။
- ဟံသာဝတီ ပျက်ပြီးနောက် မြန်မာတစ်နိုင်ငံလုံးတွင် ပဒေသရာဇ်နိုင်ငံငယ် အများအပြား ပေါ်ပေါက်လာခဲ့သည်။

**လေ့ကျင့်ရန် မေးခွန်းများ**

**(ဆွေးနွေးချက် ရလဒ်များကို မှတ်စုစာအုပ်တွင် ရေးပါ)**

**၁။ အောက်ပါ ကွက်လပ်များကို ဖြည့်ပါ။**

(က) တောင်ငူသည် ______ လက်ထက်တွင် ပို၍အင်အားကောင်းလာခဲ့သည်။

(ခ) တပင်ရွှေထီးသည် နေပြည်တော်ကို ______ သို့ ပြောင်းရွှေ့ခဲ့သည်။

(ဂ) ဘုရင့်နောင်သည် ______ လက်ထက်က ပိုင်ဆိုင်ခဲ့သော မြို့၊ ရွာများကို လက်အောက်ခံအဖြစ် ပြန်လည်သိမ်းသွင်းနိုင်ခဲ့သည်။

(ဃ) ၁၆ ရာစု နှစ်ဦးတွင် မြန်မာနိုင်ငံ၌ ______ သည် ပြိုင်ဘက်ကင်းသော ဧကရာဇ်ဖြစ်ခဲ့သည်။



DBEBOX

**၂။ အောက်ပါတို့ကို မှန်လျှင် (မှန်)၊ မှားလျှင် (မှား)ဟု ရေးပါ။**

(က) မင်းကြီးညို၏ ညီတော်သည် တပင်ရွှေထီး ဖြစ်သည်။ ( )

(ခ) တပင်ရွှေထီးသည် နေပြည်တော်ကို ဒဂုန်သို့ ပြောင်းရွှေ့ခဲ့သည်။ ( )

(ဂ) ဘုရင့်နောင်သည် ကြီးမားကျယ်ပြန့်သော ဧကရာဇ်နိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့သည်။ ( )

(ဃ) ယိုးဒယားမင်းသား နရဲစွမ်သည် အင်းဝနှင့် ဟံသာဝတီ စစ်ဖြစ်နေစဉ်အတွင်း ဟံသာဝတီသို့ ချီတက်လာသည်။ ( )

(င) နန္ဒဘုရင်သည် နတ်ရှင်နောင်၏ လုပ်ကြံမှုကြောင့် နတ်ရွာစံခဲ့သည်။ ( )

**၃။ မှား၊ မှန် ရောထွေး အမှန်ရွေးပါ။**

(က) ရှမ်းတို့၏ရန်ကြောင့် အင်းဝ ယိမ်းယိုင်လာသောအခါ ______ အင်အားကောင်းလာခဲ့သည်။

(၁) တောင်ငူ (၂) ဟံသာဝတီ (၃) စစ်ကိုင်း

(ခ) ၁၅၁၀ ပြည့်နှစ်တွင် ______ သည် တောင်ငူမြို့ (ကေတုမတီ)ကို တည်ထောင်ခဲ့သည်။

(၁) မင်းကြီးညို (၂) တပင်ရွှေထီး (၃) ဘုရင့်နောင်

(ဂ) ဘုရင့်နောင်သည် _____ ကို ပြန်လည်ရရှိရန်အတွက် ဒဂုန်-ဒလတို့မှတောင်ငူသို့ချီတက်ရသည်။

(၁) ပြည် (၂) သန်လျင် (၃) ဟံသာဝတီ

(ဃ) တပင်ရွှေထီးနှင့် ဘုရင့်နောင်တို့ တည်ထောင်ခဲ့သော ဟံသာဝတီ နေပြည်တော်သည် ______ လက်ထက်တွင် ယိုယွင်းခဲ့သည်။

(၁) နတ်ရှင်နောင် (၂) နန္ဒဘုရင် (၃) နရဲစွမ်

**၄။ အောက်ပါမေးခွန်းများကိုဖြေဆိုပါ။**

(က) မင်းကြီးညိုလက်ထက် တောင်ငူအင်အားတောင့်တင်းလာပုံကို ဖော်ပြပါ။

(ခ) တပင်ရွှေထီးသည် နေပြည်တော်ကို တောင်ငူမှ ဟံသာဝတီသို့ အဘယ်ကြောင့် ပြောင်းရွှေ့ခဲ့သည်ကို သုံးသပ်ပါ။

(ဂ) ဘုရင့်နောင်၏ နိုင်ငံစည်းရုံးရေး ဆောင်ရွက်ချက်များအကြောင်း ဆွေးနွေးပါ။


(ဃ) ဘုရင့်နောင်လက်ထက်တွင် ကြုံတွေ့ခဲ့ရသော အခက်အခဲများကို တင်ပြဆွေးနွေးပါ။

(င) ဘုရင့်နောင်သည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို မည်သို့ကြိုးပမ်းဆောင်ရွက်ခဲ့သနည်း။

DBE BOX

**သင်ခန်းစာ ၁.၂။ တောင်ငူခေတ် (ပထမပိုင်း) တွင်သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။**

**တောင်ငူခေတ် (ပထမပိုင်း)**




**သင်ခန်းစာ ၁.၂ ပုံပါရင်းမြစ်များ**

**ပုံ ၁.၅ ရွှေဆံတော်စေတီတော် (တောင်ငူ)** (https://myanmar.mmtimes.com/news/109838.html) (၃-၇-၁၉)။

**ပုံ ၁.၆ ရှေးခေတ်ကေတုမတီတောင်ငူနေပြည်တော်** [မဟာရာဇဝင်သစ် (တောင်ငူခေတ်)၊ ဒုတိယတွဲ]။

**ပုံ ၁.၇ ဘုရင့်နောင်မင်းတရားကြီးလက်ထက်တည်ဆောက်ခဲ့သောပုံစံအတိုင်းယနေ့ကမ္ဘောဇသာဒီ ရွှေနန်းတော်** (ဒေါက်တာ နန်းလှိုင်၊ ကထိက၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)

**ပုံ ၁.၈ ဘုရင့်နောင်၏နိုင်ငံတော်** (သန်းထွန်း၊ မြန်မာ့သမိုင်းမြေပုံများ၊ ရန်ကုန်၊ မြန်မာ့သမိုင်းအဖွဲ့နှစ် (၅၀) ရွှေရတုအထိမ်းအမှတ် စာအုပ်စာတမ်းများ ပုံနှိပ်ထုတ်ဝေရေးကော်မတီ၊ ၂၀၀၅)။

**ပုံ ၁.၉ ဘုရင့်နောင်မင်းတရားကြီး၏ခေါင်းလောင်းပုံ** (https://www.southeastasianarchaeology.com/2017/11/03/unesco-designates-king-bayint-naungs-bell-as-world-heritage-item-eleven-myanmar/) (၄-၈-၁၉)

**ကျမ်းကိုးစာရင်း**


၁။ တွင်းသင်းတိုက်ဝန် မဟာစည်သူဦးထွန်းညို၊ ဒေါက်တာကျော်ဝင်း(တည်း)၊ မဟာရာဇဝင်သစ် (တောင်ငူခေတ်)၊ ဒုတိယတွဲ၊ တတိယအကြိမ်၊ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်၊ ၂၀၁၂။

၂။ သိန်းလှိုင်၊ ဦး၊ အရှေ့တောင်အာရှ၊ ရန်ကုန်၊ ဂဠုန်-နဂါးပုံနှိပ်တိုက်၊ ၁၉၈၁။

၃။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ပါတီစည်းရုံးရေးဗဟိုကော်မတီဌာနချုပ် အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း၊ပထမတွဲ၊ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၇၀။

၄။ ရှင်မဟာသီလဝံသ၊ ရာဇဝင်ကျော်၊ စတုတ္ထအကြိမ်၊ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်၊ ၂၀၁၀။

၅။ သန်းထွန်း၊ ဒေါက်တာ၊ တောင်ငူဆက်၊ ဟံသာဝတီ၊ ဆင်ဖြူရှင်၊ ဘုရင့်နောင်နှင့် ကမ္ဘောဇသာဒီ နန်းတော်၊ ရန်ကုန်၊ လပြည့်လင်းပုံနှိပ်တိုက်၊ ၂၀၁၇။

၆။ ကုလား၊ ဦး၊ ရာဇဝင်ချုပ်၊ ဒုတိယအကြိမ်၊ ရန်ကုန်၊ ရာပြည့်ပုံနှိပ်တိုက်၊ ၂၀၁၁။

၇။ ကြန်၊ ဒေါ်၊ [မဟာဝိဇ္ဇာ(တည်း)]မှန်နန်းမဟာရာဇဝင်တော်ကြီး၊ ရန်ကုန်၊ မုံရွေးပုံနှိပ်တိုက်၊ ၂၀၀၈။

၈။ Smith, Robert, The Rise and Fall of the Taungoo Empire, A Creative Retelling, Thailand, Jack Lourens Publishing, 2017.

၉။ Lieberman, Victor, B. Burmese Administrative Cycles, Anarchy --and Conquest, c. 1581760, UK Princeton University Press, 1984.

## ၁.၃။ ညောင်ရမ်းခေတ် (တောင်ငူခေတ်–ဒုတိယပိုင်း)

**နိဒါန်း**

ဤအခန်းတွင် ဟံသာဝတီ ဧကရာဇ်နိုင်ငံတော်ကြီး ပြိုကွဲပြီးနောက် အင်းဝပြန်လည်ထူထောင်ခြင်း၊ ပေါ်တူဂီတို့နှင့် ဆက်ဆံရေး၊ ဒတ်ချ်တို့နှင့် ဆက်ဆံရေး၊ သာလွန်မင်း၏ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲခြင်းနှင့် အင်အားကျဆင်းလာခြင်းတို့ကို လေ့လာသင်ယူနိုင်မည်ဖြစ်သည်။

### ဤသင်ခန်းစာနှင့် ပတ်သက်၍ သင်သိရှိပြီးသော အကြောင်းအရာ

ကျောင်းသားများအနေဖြင့် ပြီးခဲ့သည့် သင်ခန်းစာတွင် တောင်ငူခေတ် စတင်ခြင်း၊ ဟံသာဝတီ တည်ထောင်ခြင်း၊ ဘုရင့်နောင်၏ နိုင်ငံစည်းရုံးရေး ဆောင်ရွက်ချက်များနှင့် ဗမာ၊ မွန်၊ ရှမ်း ဆက်ဆံရေးအကြောင်းတို့ကို သင်ယူသိရှိပြီး ဖြစ်သည်။

### သင်ခန်းစာပြီးလျှင် သင်သည် အောက်ပါတို့ကို သိရှိနားလည် လုပ်ဆောင်နိုင်မည်။


အင်းဝကို ပြန်လည်ထူထောင်ရေး ဆောင်ရွက်ချက်များကို သုံးသပ်တတ်ခြင်း၊ အင်းဝနှင့် ပေါ်တူဂီ၊ ဒတ်ချ်တို့ ဆက်ဆံရေး၏ အရေးပါမှုကို ဆန်းစစ်တတ်ခြင်းနှင့် လူမှုစီးပွားရေး ကျဆင်းမှုသည် နိုင်ငံတော်အင်အားကို ထိခိုက်စေနိုင်ခြင်းတို့ကို လေ့လာဆွေးနွေးနိုင်မည် ဖြစ်သည်။

### ၁.၃.၁။ အင်းဝပြန်လည်ထူထောင်ခြင်း

ဘုရင့်နောင် တည်ထောင်ခဲ့သော ဟံသာဝတီ ဧကရာဇ်နိုင်ငံတော်သည် သားတော် နန္ဒဘုရင်လက်ထက်တွင် ပြိုကွဲသည်။ သို့သော် ဘုရင့်နောင်နှင့် မိဖုရား ခင်ပြည့်စုံတို့၏ သားတော်ငယ် ညောင်ရမ်းမင်းသားသည် ဖခမည်းတော်၏ နိုင်ငံတော်ကို ဆက်လက်တည်ထောင်ရန် ကြိုးပမ်းအားထုတ်သည်။ ညောင်ရမ်းမင်းသားသည် နန္ဒဘုရင်လက်ထက်တွင် ပုခန်းကြီးမှ ပုန်ကန်ရန် ကြံစည်သူတို့ကို နှိမ်နင်းပြီး မင်းရဲနန္ဒမိတ်ဘွဲ့ကို ခံယူသည်။ တောင်ငူနှင့် ဇင်းမယ်နယ်တို့မှ ပုန်ကန်ခြားနားလာသောအခါ မင်းရဲနန္ဒမိတ်သည် ညောင်ရမ်းမြို့ လုံခြုံရေးကို အခိုင်အမာပြုခဲ့သည်။ ထို့ပြင် မူလပျက်စီးသွားသော အင်းဝမြို့တော်ဟောင်းနေရာ၌ မြို့သစ်တည်ထောင်သည်။အင်းဝကို ပြန်လည်တည်ထောင်ရာတွင် ညောင်ရမ်းမင်းသားသည် မြန်မာနိုင်ငံ မြောက်ဘက်ဒေသ များနှင့် ရှမ်းပြည်မှ မြို့တချို့ကို အင်းဝလက်အောက်ခံအဖြစ် သိမ်းသွင်းသည်။ သိန္နီနယ်ကို သိမ်းယူပြီး အပြန်လမ်းခရီးတွင် ညောင်ရမ်းမင်း နတ်ရွာစံကာ သားတော် မဟာဓမ္မရာဇာဘွဲ့ အမည်ခံ အနောက်ဘက်လွန်မင်းက ဆက်ခံသည်။



DBE BOX




**ပုံ–၁.၁၀ ညောင်ရမ်းခေတ်မြန်မာနိုင်ငံ**

အနောက်ဘက်လွန်မင်းသည် အင်းဝဝန်းကျင်ရှိ ဒေသများကို ဆက်လက်၍ အခိုင်အမာ စုစည်းနိုင်ခဲ့သည်။ ရှမ်းပြည်တွင်းရှိ မြို့နယ်များ၊ တောင်ငူ၊ သန်လျင်၊ ပြည်မြို့ စသည်တို့ကိုလည်း

အောင်မြင်စွာ သိမ်းသွင်းနိုင်ခဲ့သည်။ တောင်ငူကို တိုက်ခိုက်သိမ်းယူပြီးနောက် တောင်ငူဘုရင် နတ်ရှင်နောင်ကို မြို့စားအဖြစ် ပြန်လည်တာဝန်ပေး အုပ်ချုပ်စေခဲ့သည်။

**အဓိကအချက်များ**

- ဘုရင့်နောင် တည်ထောင်ခဲ့သော ဟံသာဝတီ ဧကရာဇ်နိုင်ငံတော်သည် သားတော် နန္ဒဘုရင် လက်ထက်တွင် ပြိုကွဲသည်။
- ညောင်ရမ်းမင်းသားသည် ဖခမည်းတော် ဘုရင့်နောင်၏ နိုင်ငံတော်ကို ဆက်လက်တည်ထောင်ရန် ကြိုးပမ်းအားထုတ်သည်။
- ညောင်ရမ်းမင်းသားသည် အင်းဝမြို့တော်ဟောင်း နေရာ၌ မြို့သစ်တည်ထောင်သည်။
- ညောင်ရမ်းမင်း၏ သားတော်မဟာဓမ္မရာဇာဘွဲ့အမည်ခံ အနောက်ဘက်လွန်မင်းက ဆက်ခံသည်။

## ၁.၃.၂။ ပေါ်တူဂီတို့နှင့်ဆက်ဆံရေး

အနောက်ဘက်လွန်မင်းသည် နိုင်ငံတော် တောင့်တင်းခိုင်မာမှုကို ဆောင်ရွက်စဉ် ကာလအတွင်း ပေါ်တူဂီလူမျိုး ဖိလစ်ဒီဗရစ်တို၏ အန္တရာယ်ကိုလည်း ရင်ဆိုင်ဖြေရှင်းခဲ့ရသည်။ ဒီဗရစ်တိုသည် ရခိုင်ဘုရင် မင်းရာဇာကြီးထံတွင် ကြေးစားအမြောက်ဗိုလ်အဖြစ် အမှုထမ်းခဲ့သူတစ်ဦးဖြစ်ပြီး မြန်မာ့သမိုင်းတွင် ငဇင်ကာဟူ၍ ဖော်ပြသည်။ ရခိုင်ဘုရင်သည် နန္ဒဘုရင်ကို တိုက်ခိုက်ရာတွင် ဒီဗရစ်တိုသည် ရခိုင်ဘုရင်ဘက်မှ ပါဝင်တိုက်ခိုက်သည်။



ပုံ–၁.၁၁ ပေါ်တူဂီလူမျိုးဖိလစ်ဒီဗရစ်တို

ဟံသာဝတီကို အောင်မြင်ပြီးနောက် ဒီဗရစ်တိုအား သန်လျင်မြို့ကို အုပ်ချုပ်စေခဲ့သည်။ သို့သော် ဒီဗရစ်တိုသည် မုတ္တမဘုရင်ဗညားဒလနှင့် မဟာမိတ်ဖွဲ့သည်။ ဗညားဒလ၏သားတော် ဗညားနွဲ့နှင့် ဒီဗရစ်တို၏ သမီးတို့အား ထိမ်းမြားပေးသည်။ ဤသို့ဖြင့် ဒီဗရစ်တိုသည် မဟာမိတ်အင်အား တောင့်တင်းလာကာ ရခိုင်ဘုရင်အား မကျိုးမနွံပြုလာသည်။ ထို့ပြင် အိန္ဒိယနိုင်ငံ ဂိုအာမြို့ရှိ ပေါ်တူဂီဘုရင်ခံချုပ်၏ အကူအညီကို

ရယူသည်။ ဘုရင်ခံချုပ်သည် ဒီဗရစ်တို၏ အကူအညီ တောင်းဆိုမှုများကို ပံ့ပိုးပေးသည့်အပြင် တူမဖြစ်သူနှင့် လက်ထပ်စေပြီး သန်လျင်၏ အရှင်သခင်အဖြစ် ခံယူစေခဲ့သည်။ ပေါ်တူဂီဘုရင်ခံချုပ်၏ အကူအညီဖြင့် ဒီဗရစ်တိုသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် နိုင်ငံခြားကုန်သွယ်ရေးကို လက်ဝါးကြီးအုပ်ကာ ပေါ်တူဂီကိုလိုနီ တည်ထောင်ရန် အပြင်းအထန် ကြိုးပမ်းခဲ့သည်။ ထို့ပြင် ဒီဗရစ်တိုသည် တောင်ငူမြို့ကို တိုက်ခိုက်ကာ တောင်ငူနန်းတော်နှင့်တကွ ဘုရားကျောင်းကန် အဆောက်အအုံများကို မီးရှို့ဖျက်ဆီးသည်။ တောင်ငူဘုရင် နတ်ရှင်နောင်ကိုလည်း သန်လျင်သို့ ခေါ်ဆောင်သွားသည်။ အနောက်ဘက်လွန်မင်းသည် ကြည်းတပ်၊ ရေတပ်တို့ကို ဦးဆောင်၍ သန်လျင်သို့ ချီတက်တိုက်ခိုက်ရာ သုံးလခန့်ကြာ ကြိုးပမ်းပြီးနောက် သန်လျင်ကို ပြန်လည်ရရှိသည်။ ဒီဗရစ်တိုအား ဖမ်းဆီးပြီး ၎င်းကျူးလွန်ခဲ့သော ပြစ်မှုများအရ ကွပ်မျက်သည်။ ပေါ်တူဂီသုံ့ပန်းများအား အနောက်ဘက်လွန်မင်းသည် မြန်မာနိုင်ငံအလယ်ပိုင်းသို့ ပြောင်းရွှေ့နေရာချထားသည်။ နတ်ရှင်နောင်ကိုလည်း သစ္စာဖောက်အဖြစ် ပြစ်မှုထင်ရှားသဖြင့် သေဒဏ်ပေးသည်။

### ၁.၃.၃။ ဒတ်ချ်တို့နှင့်ဆက်ဆံရေး



**ပုံ–၁.၁၂ ဒတ်ချ်ကုန်တိုက်ဟောင်း (မြောက်ဦး)**

ရခိုင်ပဒေသရာဇ်မင်းများ၏ မြောက်ဦးခေတ်တွင် ဥရောပနယ်ချဲ့နိုင်ငံများဖြစ်သော ပေါ်တူဂီ၊ ဒတ်ချ်တို့နှင့်လည်း စစ်ရေး၊ စီးပွားရေးအရ ဆက်ဆံရေးများ ရှိခဲ့သည်။ ဒတ်ချ်တို့သည် ရခိုင်မင်းများနှင့် ဆက်ဆံရေးတည်ဆောက်ခဲ့ရာတွင် ရခိုင်ဘုရင် မင်းရာဇာကြီး၊ သီရိသုဓမ္မာရာဇာနှင့် စန္ဒသုဓမ္မာရာဇာမင်းများလက်ထက်တွင် ဆက်ဆံရေး အတိုးတက်ဆုံးဖြစ်သည်။ ထိုမင်းများ လက်ထက်တွင်

အနောက်ဘက် မဂိုအင်ပါယာ နယ်ပယ်ချဲ့ထွင်လာမှု အန္တရာယ်နှင့် ရင်ဆိုင်လာရသည်။ နယ်စပ်ဒေသ လုံခြုံရေးအတွက် ပေါ်တူဂီကြေးစားစစ်သားများ ခန့်ထားသည်။ သို့သော် ရခိုင်ဘုရင်၏ တန်ခိုးသြဇာကို ပြန်လည် အန်တုထိပါးလာသဖြင့် ပေါ်တူဂီတို့၏ အန္တရာယ်ကို နှိမ်နင်းရန် ဒတ်ချ်တို့၏ အကူအညီကို ရယူကြိုးပမ်းခဲ့သည်။

ထို့ကြောင့် ဒတ်ချ်တို့အား ကုန်တိုက်ဖွင့်လှစ်ခွင့်ပေးခြင်း၊ ကုန်ပစ္စည်းများ ရောင်းဝယ်ရေးဆိုင်ရာ အခွင့်အရေးများပေးခြင်း စသည့် လိုက်လျောမှုများ ပြုလုပ်ခဲ့သည်။ ၁၆၁၅ ခုနှစ်တွင် မြောက်ဦးမြို့ကို လာရောက်တိုက်ခိုက်သော ပေါ်တူဂီရေတပ်များအား ခုခံတွန်းလှန် တိုက်ခိုက်ရာတွင် ဒတ်ချ်တို့ ပါဝင်ကူညီကြသည်။ သို့သော် မင်းခမောင်းလက်ထက်တွင်မူ ဒတ်ချ်တို့၏ စစ်ရေးအကူအညီ မရခဲ့ပေ။ ထို့အပြင် ရခိုင်ဒေသတွင် ဒတ်ချ်တို့၏ ကုန်သွယ်ရောင်းဝယ်မှုများမှာ တဖြည်းဖြည်း ကျဆင်းလာသဖြင့် ၁၆၁၇ ခုနှစ်တွင် မြောက်ဦးကုန်တိုက်ကို ပိတ်သိမ်းကာ ပြန်သွားခဲ့သည်။

၁၆၂၄ ခုနှစ်တွင် ဒတ်ချ်တို့သည် ရခိုင်မင်းနှင့် ပြန်လည်ဆက်သွယ်ကာ ဆန်နှင့် ကျွန်များရောင်းဝယ်ရေးလုပ်ငန်းကို အလေးထား ပြုလုပ်လာခဲ့သည်။ သို့သော် စန္ဒသုဓမ္မာရာဇာမင်းကို ဆက်ခံသော နောက်ပိုင်းမင်းများ လက်ထက်တွင် ဆက်ဆံရေး ကျဆင်းလာပြီး ဒတ်ချ်တို့သည် ရခိုင်ဒေသမှ အပြီးအပိုင် ထွက်ခွာသွားခဲ့သည်။

ဒတ်ချ်တို့သည် သာလွန်မင်းလက်ထက်တွင် မြန်မာနိုင်ငံနှင့် စီးပွားရေးအရ ဆက်ဆံရေး အစပြုလာခဲ့သည်။ ဒတ်ချ်ကုန်တင်သင်္ဘောများသည် ကုန်စည်များ တင်ဆောင်ကာ သန်လျင်ဆိပ်ကမ်းသို့ ဆိုက်ရောက်လာခဲ့သည်။ သန်လျင်မြို့ဝန်၏ ခွင့်ပြုချက်ဖြင့် ဒတ်ချ်တို့သည် သန်လျင်နှင့် ဟံသာဝတီတွင် ကုန်တိုက်ဖွင့်ခွင့် ရရှိခဲ့သည်။

သာလွန်မင်းသည် မင်းနေပြည်တော်ကို အင်းဝသို့ ပြောင်းရွှေ့သောအခါ ဒတ်ချ်ကုန်တိုက်များကိုလည်း အင်းဝနေပြည်တော်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခွင့် ပေးခဲ့သည်။ ထို့ပြင် သာလွန်မင်းသည် ဒတ်ချ်ကုန်သည် ၂ ဦးအား အင်းဝနေပြည်တော်တွင် လက်ခံတွေ့ဆုံပြီး မြန်မာနှင့် ဒတ်ချ်တို့ ဆက်ဆံရေး ကောင်းမွန်အောင် ကြိုးစားခဲ့သည်။ ဒတ်ချ်ကုန်သည်များအား လွတ်လပ်စွာ ကုန်သွယ်ရောင်းဝယ်ခွင့် ပြုခဲ့သည်။

ဒတ်ချ်ကုန်သည်များသည် မြန်မာနိုင်ငံမှ ကုန်ပစ္စည်းမျိုးစုံကို ဝယ်ယူခွင့်၊ ပြည်ပသို့ ထုတ်ယူရောင်းချခွင့် ရရှိကြသော်လည်း ပတ္တမြားကဲ့သို့သော အဖိုးတန် ကုန်ပစ္စည်းများကိုမူ ဘုရင့်ခွင့်ပြုချက်မရဘဲ ရောင်းဝယ်ခွင့်၊ နိုင်ငံခြားသို့ ထုတ်ယူခွင့် မပြုပေ။

ဒတ်ချ်တို့သည် မြန်မာနိုင်ငံတွင် စီးပွားရေးအရ အောင်မြင်မှု ရလာသည်နှင့်အမျှ နောက်ပိုင်းတွင် ပေါ်တူဂီ၊ အင်္ဂလိပ်၊ ပြင်သစ်၊ အာမေးနီးယန်း၊ ဒိန်းမတ်နိုင်ငံသား ကုန်သည်များနှင့် အပြိုင်အဆိုင် ဖြစ်လာသည်။ စီးပွားရေးအရ အကျိုးအမြတ် လျော့နည်းလာသဖြင့် ၁၆၈၀ ပြည့်နှစ်တွင်

ဒတ်ချ်တို့သည် ၎င်းတို့၏ ကုန်သွယ်ရောင်းဝယ်မှုလုပ်ငန်း၊ ကုန်တိုက်များကို အပြီးအပိုင် ရုပ်သိမ်းသွားခဲ့သည်။

**အဓိကအချက်များ**

- ဒီဗရစ်တိုသည် ပေါ်တူဂီဘုရင်ခံချုပ်၏ အကူအညီဖြင့် ပေါ်တူဂီကိုလိုနီ ထူထောင်ရန် အပြင်းအထန် ကြိုးပမ်းခဲ့သည်။
- ဒီဗရစ်တိုသည် တောင်ငူမြို့ကို တိုက်ခိုက်သိမ်းယူကာ တောင်ငူနန်းတော်နှင့်တကွ ဘုရားကျောင်းကန် အဆောက်အအုံများကို မီးရှို့ဖျက်ဆီးသည်။
- အနောက်ဘက်လွန်မင်းသည် သန်လျင်ကို သိမ်းပိုက်ပြီးနောက် ဒီဗရစ်တိုအား ကွပ်မျက်ခဲ့သည်။
- ဒတ်ချ်တို့သည် ရခိုင်မင်းများနှင့် ဆက်ဆံရေး တည်ဆောက်ခဲ့သည်။
- ဒတ်ချ်တို့သည် ကုန်သွယ်ရောင်းဝယ်မှုများမှာ ကျဆင်းလာသဖြင့် ၁၆၁၇ ခုနှစ်တွင် မြောက်ဦး ကုန်တိုက်ကို ပိတ်သိမ်းကာ ပြန်သွားခဲ့သည်။
- ဒတ်ချ်တို့သည် သာလွန်မင်းလက်ထက်တွင် မြန်မာနိုင်ငံနှင့် စီးပွားရေးအရ ဆက်ဆံရေး အစပြုလာခဲ့သည်။

## ၁.၃.၄။ သာလွန်မင်း၏ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲခြင်း



ပုံ–၁.၁၃ ရာဇမဏိစူဠာ ကောင်းမှုတော်ဘုရားကြီး

သာလွန်မင်း (သီရိသုဓမ္မရာဇာ) လက်ထက်တွင် စစ်မက်ရေးရာ များစွာမရှိဘဲ နိုင်ငံတော် အေးချမ်းသာယာရေးကို အလေးထား ဆောင်ရွက်သည်။ နိုင်ငံတော်၏ အုပ်ချုပ်ရေးကို စနစ်တကျ ရှိစေရန် စစ်တမ်းကောက်ယူခဲ့သည်။ နိုင်ငံတော်၏ လူဦးရေ တိုးတက်စေရန် အမျိုးသား၊ အမျိုးသမီး စာရင်းများကို စနစ်တကျ ကောက်ခံပြီး အရွယ်ရောက်သူများ အိမ်ထောင်ပြုရေးကို အထူး အလေးပေး သည်။ ထိုမင်းလက်ထက်တွင် စာဆို အကျော်အမော်များစွာ ထွန်းကားခဲ့ပြီး မနုသာရရွှေမျဉ်းဓမ္မသတ် ကျမ်းကို စီရင်ရေးသားသည်။ သာသနာရေးတွင်လည်း စစ်ကိုင်းမြို့အနီးတွင် ရာဇမဏိစူဠာ ကောင်းမှုတော်ဘုရားကြီးကို တည်ထားသည်။ သို့သော် ထီးတော်မတင်မီ မင်းတရားကြီး နတ်ရွာစံ သည်။



**ပုံ–၁.၁၄ မနုသာရရွှေမျဉ်းဓမ္မသတ်ကျမ်း**

အင်းဝနိုင်ငံတော်ကြီး ရေရှည်တည်တံ့နိုင်ရေးအတွက် အုပ်ချုပ်ရေးကိုလည်း စနစ်တကျ ပြန်လည် သတ်မှတ်ဆောင်ရွက်သည်။ အုပ်ချုပ်ရေးကို နှစ်ပိုင်းခွဲခြားနိုင်ပြီး ရွှေမြို့တော်အုပ်ချုပ်ရေးနှင့် အဝေးမြို့ရွာနယ်ပယ်အုပ်ချုပ်ရေးဟူ၍ ဖြစ်သည်။ ရွှေမြို့တော်အုပ်ချုပ်ရေးမှာ ရွှေနန်းတော်ပတ်လည် မြို့တော်အတွင်းအပြင် အမှုကိစ္စများကိုသာမက နိုင်ငံလုံးဆိုင်ရာ အမှုကိစ္စများကိုပါ စီမံကွပ်ကဲရသော အုပ်ချုပ်ရေးဖြစ်သည်။ အဝေးမြို့ရွာ အုပ်ချုပ်ရေးကို သက်ဆိုင်ရာ မြို့ဝန်၊ စစ်ကဲ၊ စော်ဘွား၊ မြို့စား တို့က တာဝန်ယူ၍ စီမံရသည်။

ဤအုပ်ချုပ်ရေးနှစ်ရပ်တွင် ရွှေမြို့တော်အုပ်ချုပ်ရေးမှာ အဓိကကျပြီး ဘုရင်က စီမံကွပ်ကဲ သည်။ အဝေးမြို့ရွာ နယ်ပယ်အုပ်ချုပ်ရေးတွင် ဒေသန္တရ ရိုးရာသူကြီးများ သားစဉ်မြေးဆက် အုပ်ချုပ်ပိုင်ခွင့်ရှိသည်။ ကျေးရွာနယ်မြေဆိုင်ရာ ရိုးရာအုပ်ချုပ်သူ အကြီးအကဲများမှလွဲ၍ ကျန်မင်းမှု ထမ်းရာထူးများမှာ ဘုရင့်အလိုတော်အတိုင်းသာ ဖြစ်သည်။ သာလွန်မင်းလက်ထက်တွင် ငထင်ငယ် အမည်ရှိ သာမန်စစ်သည်တစ်ဦးကို နန္ဒယော်ဓာအမည်ဖြင့် ဝန်ကြီးခန့်အပ်ဖူးသော အချက်သည် ထင်ရှားသည်။ ရောင်းဝယ်ရေးအတွက် အလေး၊ တင်း၊ တောင်း မှန်ကန်စေရန် ဆောင်ရွက်သည်။ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန် စည်းကမ်းချက်များကို ထုတ်ပြန်သည်။ နိုင်ငံကို စီမံ

အုပ်ချုပ်ရာတွင် ဘုရင်သည် ဥယျာဉ်မှူးသဖွယ် ခံယူ၍ နိုင်ငံတော် စည်ပင်ဖွံ့ဖြိုးရေးကို လုပ်သင့်သူဖြစ်ကြောင်း ၎င်း၏အမိန့်တော်တစ်ရပ်တွင် ဖော်ပြထားသည်။

**အဓိကအချက်များ**

- သာလွန်မင်းလက်ထက်တွင် နိုင်ငံတော် အေးချမ်းသာယာမှုကို အလေးထားပြီး အုပ်ချုပ်ရေးစနစ်တကျရှိစေရန် စစ်တမ်းကောက်ယူခြင်းကို ဆောင်ရွက်သည်။
- သာလွန်မင်း (သီရိသုဓမ္မရာဇာ) လက်ထက်တွင် မနုသာရရွှေမျဉ်းဓမ္မသတ်ကျမ်းကို စီရင်ရေးသားသည်။
- သာလွန်မင်းလက်ထက်တွင် ရွှေမြို့တော်အုပ်ချုပ်ရေးနှင့် အဝေးမြို့ရွာနယ်ပယ်အုပ်ချုပ်ရေးဟူ၍ အုပ်ချုပ်ရေးကို နှစ်ပိုင်းခွဲခြားနိုင်သည်။
- ရောင်းဝယ်ရေးအတွက် အလေး၊ တင်း၊ တောင်း မှန်ကန်စေရန် ဆောင်ရွက်သည်။
- တိုင်းပြည်သာယာဖွံ့ဖြိုးရေးအတွက် အမိန့်တော်များ ထုတ်ပြန်ဆောင်ရွက်ခဲ့သည်။

## ၁.၃.၅။ အင်အားကျဆင်းလာခြင်း

အင်းဝနိုင်ငံတော်ကို အနောက်ဘက်လွန်မင်းနှင့် သာလွန်မင်းတို့လက်ထက်တွင် အောင်မြင်စွာစည်းရုံးနိုင်ခဲ့သည်။ ထို့နောက် ဆက်ခံသောမင်းများသည် အုပ်ချုပ်မှု ညံ့ဖျင်းကြသည်။ ပင်းတလဲမင်းလက်ထက်တွင် တရုတ်တို့ ဝင်ရောက်တိုက်ခိုက် ဖျက်ဆီးခြင်းကို ခံရသည်။ နိုင်ငံတော်၏ စီးပွားရေးမှာလည်း ယိုယွင်းကျဆင်းလာသဖြင့် ပြည်သူများ ရိက္ခာရှားပါး၍ ငတ်မွတ်ဒုက္ခရောက်ကြသည်။ ပြည်ထဲရေး မငြိမ်မသက်ဖြစ်ကာ ညီတော် ပြည်မင်း လုပ်ကြံ၍ ပင်းတလဲမင်း နတ်ရွာစံသည်။ ပြည်မင်း လက်ထက်တွင် ယိုးဒယားနှင့် တရုတ်တို့၏ ကျူးကျော်မှုကို တိုက်ခိုက်တွန်းလှန်နိုင်ခဲ့သော်လည်း နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးတို့မှာ အဘက်ဘက်မှ ကျဆင်းလာသည်။ ပြည်မင်း၏သားတော် နရာဝရမင်းလက်ထက် နိုင်ငံအရေးမှာ ထူးခြားမှု မရှိပေ။ မင်းရဲကျော်ထင်၏သားတော် စနေမင်းနန်းစံကာလတွင် ကျိုင်းတုံစော်ဘွား ပုန်ကန်မှုနှင့် ရင်ဆိုင်ရသည်။ စနေမင်းကို သားတော်တနင်္ဂနွေမင်းက ဆက်ခံသည်။ အင်းဝ၏ နောက်ဆုံးမင်းဖြစ်သော မဟာဓမ္မရာဇာဓိပတိ လက်ထက်တွင် မဏိပူရကသည်းတို့ အကြိမ်ကြိမ်ချီတက်၍ နိုင်ငံတော်၏ မြောက်ဘက်တစ်လွှားကို တိုက်ခိုက်ဖျက်ဆီးသည်။ ထို့ပြင် ဇင်းမယ်ဇာတိဖြစ်သူ ဆင်ဝန်ဦးအောင်လှက မွန်တို့ကို စည်းရုံး၍ ပုန်ကန်ခြင်း၊ အုတ်ဖိုတောင်ခြေမှ ကွေ့ရှမ်းများ ပုန်ကန်ခြင်းတို့ကို ရင်ဆိုင်ရသည်။ နောက်ဆုံးတွင် မွန်တို့သည် အင်းဝမင်းမဟာဓမ္မရာဇာဓိပတိနှင့် မိသားစုကို ဟံသာဝတီသို့ ခေါ်ဆောင်သွားရာ ညောင်ရမ်းမင်းဆက်ပျက်သုဉ်းသွားသည်။

**အဓိကအချက်များ**

- အနောက်ဘက်လွန်မင်းနှင့် သာလွန်မင်းတို့နောက် ဆက်ခံသောမင်းများသည် အုပ်ချုပ်မှု ညံ့ဖျင်းကြသည်။
- ပြည်မင်းလက်ထက်တွင် နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးတို့မှာ အဘက်ဘက်မှ ကျဆင်းလာသည်။
- မွန်တို့သည် မဟာဓမ္မရာဇာဓိပတိနှင့် မိသားစုကို ဟံသာဝတီသို့ ခေါ်ဆောင်သွားရာ ညောင်ရမ်းမင်းဆက် ပျက်သုဉ်းသွားသည်။

**လေ့ကျင့်ရန်မေးခွန်းများ**

**၁။ အောက်ပါကွက်လပ်များကိုဖြည့်ပါ။**

(က) ညောင်ရမ်းမင်းသားသည် ဖခမည်းတော်၏ _____ နိုင်ငံတော်ကို ဆက်လက်တည်ထောင်ရန် ကြိုးပမ်းအားထုတ်သည်။ ( )

(ခ) ညောင်ရမ်းမင်း နတ်ရွာစံပြီးနောက် သားတော် မဟာဓမ္မရာဇာဘွဲ့ အမည်ခံ _____ မင်းက ဆက်ခံသည်။ ( )

(ဂ) ဒီဗရစ်တိုကို မြန်မာ့သမိုင်းတွင် _____ ဟူ၍ဖော်ပြသည်။ ( )

(ဃ) အနောက်ဘက်လွန်မင်းသည် _____ ကို သိမ်းပိုက်ပြီးနောက် ဒီဗရစ်တိုအား ကွပ်မျက်ခဲ့သည်။ ( )

**၂။ အောက်ပါတို့ကို မှန်လျှင် (မှန်)၊ မှားလျှင် (မှား)ဟု ရေးပါ။**

(က) သာလွန်မင်းလက်ထက်တွင် နိုင်ငံတော် အေးချမ်းသာယာမှုကို အလေးထားသည်။ ( )

(ခ) သာလွန်မင်းလက်ထက်တွင် နိုင်ငံတော်ကို ချဲ့ထွင်ခဲ့သည်။ ( )

(ဂ) သာလွန်မင်းသည် တောင်ငူမြို့အနီးတွင် ရာဇမဏိစူဠာကောင်းမှုတော်ဘုရားကြီးကို တည်ထားသည်။ ( )

(ဃ) သာလွန်မင်းလက်ထက်တွင် အုပ်ချုပ်ရေးကို ရွှေမြို့တော်အုပ်ချုပ်ရေးနှင့် အဝေးမြို့ရွာနယ်ပယ်အုပ်ချုပ်ရေးဟူ၍ နှစ်ပိုင်းခွဲခြားသည်။ ( )

(င) သာလွန်မင်းသည် ငထင်ငယ်အမည်ရှိ သာမန်စစ်သည်တစ်ဦးကို နန္ဒယော်ဓာအမည်ဖြင့် ဝန်ကြီးခန့်အပ်ခဲ့သည်။ ( )

DBEBox

**၃။ မှား၊ မှန် ရောထွေး အမှန်ရွေးပါ။**

(က) သာလွန်မင်းသည် ____ အတွက် အလေး၊ တင်း၊ တောင်း မှန်ကန်စေရန် ဆောင်ရွက်သည်။
(၁) စစ်ရေး (၂) ရောင်းဝယ်ရေး (၃) အုပ်ချုပ်ရေး ( )

(ခ) အင်းဝ၏ နောက်ဆုံးမင်းဆက်ဖြစ်သော မဟာဓမ္မရာဇာဓိပတိ လက်ထက်တွင် ____ တို့ အကြိမ်ကြိမ်ချီတက်၍ နိုင်ငံတော်၏ မြောက်ဘက်တစ်လွှားကို တိုက်ခိုက်ဖျက်ဆီးသည်။
(၁) မဏိပူရကသည်း (၂) ကွေ့ရှမ်း (၃) တရုတ် ( )

**၄။ အောက်ပါမေးခွန်းတို့ကိုဖြေဆိုပါ။**

(က) ညောင်ရမ်းမင်းသားသည် အင်းဝကို ပြန်လည်တည်ဆောက်ရာတွင် မည်သည့်ဒေသများကို သိမ်းသွင်းခဲ့သနည်း။


(ခ) အနောက်ဘက်လွန်မင်း၏ ထင်ရှားသော ဆောင်ရွက်ချက်များကို ဖော်ပြပါ။

(ဂ) အနောက်ဘက်လွန်မင်းလက်ထက် ပေါ်တူဂီနှင့် ဆက်ဆံရေးအကြောင်းကို ဝေဖန်ဆွေးနွေးပါ။

(ဃ) သာလွန်မင်းကြီး၏ အင်းဝနိုင်ငံတော်ကြီး တည်တံ့ခိုင်မြဲရေးအတွက် သတ်မှတ်ထားသော အုပ်ချုပ်မှုပုံစံများကို သုံးသပ်တင်ပြပါ။

(င) အင်းဝနိုင်ငံတော် အင်အားကျဆင်းလာရခြင်း၏ အကြောင်းရင်းများကို ဆွေးနွေးတင်ပြပါ။

**သင်ခန်းစာ ၁.၃။ ညောင်ရမ်းခေတ်တွင် သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။**




DBE BOX

**သင်ခန်းစာ – ၁.၃ ပုံပါ ရင်းမြစ်များ**

**ပုံ ၁.၁၀ ညောင်ရမ်းခေတ် မြန်မာနိုင်ငံ** (သန်းထွန်း၊ မြန်မာ့သမိုင်းမြေပုံများ၊ ရန်ကုန်၊ မြန်မာ့သမိုင်းအဖွဲ့ နှစ် (၅၀) ရွှေရတုအထိမ်းအမှတ် စာအုပ်စာတမ်းများ ပုံနှိပ်ထုတ်ဝေရေးကော်မတီ၊ ၂၀၀၅)။

**ပုံ ၁.၁၁ ပေါ်တူဂီလူမျိုး ဖိလစ်ဒီဗရစ်တို** (http://en.m.wikipedia.org/wiki/File;Namban Elefante Filipe de Brito 1.jpg) (၁၈-၁၀-၂၀၁၉)

**ပုံ ၁.၁၂ ဒတ်ချ် ကုန်တိုက်ဟောင်း (မြောက်ဦး)** ဒေါက်တာပြည့်ဖြိုးကျော်၊ကထိက၊ ရှေးဟောင်းသုတေသန ပညာဌာန၊ မန္တလေးတက္ကသိုလ်။

**ပုံ ၁.၁၃ ရာဇမဏိစူဠာ ကောင်းမှုတော်ဘုရားကြီး** (http://smyanmar.mmtimes.com news 120 264.html) (၁၀-၉-၂၀၁၉)

**ပုံ–၁.၁၄ မနုသာရရွှေမျဉ်း ဓမ္မသတ်ကျမ်း** (http://images.app.goo.gl/My9ejJnNPXBz8kei6 Image: Christian/Lammerts (၈-၈-၂၀၁၉)

**ကျမ်းကိုးစာရင်း**


၁။ ဘရှင်၊ ဗိုလ်မှူး၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်သမိုင်း၊ ပဌမအကြိမ်၊ ရန်ကုန်၊ ၁၀၇ ဗိုလ်ချုပ်ဈေး၊ ပြည်သူ့အလင်း ပုံနှိပ်တိုက်၊ ၁၉၅၃။

၂။ ကျော်သက်၊ ဒေါက်တာ၊ ပြည်ထောင်စု မြန်မာနိုင်ငံသမိုင်း၊ ဒုတိယအကြိမ်၊ ရန်ကုန်၊ ရတနာပုံပုံနှိပ်တိုက်၊ ၂၀၁၅။

၃။ ခင်မောင်ညွန့်၊ ဒေါက်တာ၊ သမိုင်းသုတေသန စာတမ်းများ၊ မန္တလေး၊ မန္တလေးတက္ကသိုလ်သမိုင်းအသင်း၊ ၁၉၈၆။

၄။ သိန်းလှိုင်၊ ဦး၊ ညောင်ရမ်းခေတ်၊ ရန်ကုန်၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ ၂၀၁၈။

၅။ ကျော်ဝင်းဦး၊ "မြောက်ဦးခေတ်နှောင်း ရခိုင်သမိုင်း (အေဒီ ၁၆၃၈-၁၇၈၄)"၊ မဟာဝိဇ္ဇာကျမ်း၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်၊ ၁၉၉၆။

# အခန်း (၂)
# ဥရောပ၏နယ်ချဲ့စနစ်

## ၂.၁။ ဥရောပ၌ ပြောင်းလဲမှုများပေါ်ပေါက်လာခြင်း

**နိဒါန်း**

ဤအခန်း၌အမျိုးသားနိုင်ငံများ ပေါ်ပေါက်လာခြင်း၊ နည်းပညာ တိုးတက်လာခြင်းနှင့် အီတလီမြို့ပြနိုင်ငံများ ပေါ်ပေါက်လာခြင်းအကြောင်းကို လေ့လာသင်ယူနိုင်မည် ဖြစ်သည်။

### ဤသင်ခန်းစာနှင့် ပတ်သက်၍ သင်သိရှိပြီးသော အကြောင်းအရာ

ဆဋ္ဌမတန်းတွင် အစားအစာကို လိုက်လံရှာဖွေရသည့် အမဲလိုက်မှုဆိုးအဖြစ် နေထိုင်ရသည့် လူ့အဖွဲ့အစည်းဖြစ်ခြင်း၊ လက်နက်ကိရိယာ တိုးတက်အသုံးပြုလာခြင်း၊ မီးကို အသုံးပြုတတ်လာခြင်း၊ စိုက်ပျိုးရေးကိုအခြေခံသည့် လူ့အဖွဲ့အစည်းအဖြစ်သို့ ရောက်ရှိလာခြင်း ဖြစ်စဉ်အဆင့်ဆင့်နှင့် ရှေးဟောင်းယဉ်ကျေးမှု၏ ပထဝီဝင် အနေအထား၊ နိုင်ငံရေး၊ စီးပွားရေး၊ ကိုးကွယ်ယုံကြည်မှုနှင့် လူမှုဖွဲ့စည်းပုံတို့ကို လေ့လာသင်ယူပြီး ဖြစ်သည်။

### သင်ခန်းစာပြီးလျှင် သင်သည် အောက်ပါတို့ကို သိရှိနားလည် လုပ်ဆောင်နိုင်မည်။

ဤအခန်းကို သင်ယူပြီးနောက် အမျိုးသားနိုင်ငံများ ပေါ်ပေါက်လာခြင်း အကြောင်းရင်းများကို ရှင်းပြတတ်ပြီး နည်းပညာတိုးတက်လာခြင်းသည် နိုင်ငံအင်အားကြီးမားမှုအတွက် အရေးပါကြောင်းနှင့် အီတလီမြို့ပြနိုင်ငံများ ပေါ်ပေါက်လာခြင်းကို ဆန်းစစ်တတ်မည်။

### ၂.၁.၁။ အမျိုးသားနိုင်ငံများပေါ်ပေါက်လာခြင်း

အလယ်ခေတ် ဥရောပတွင် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော မြေရှင်စီးပွားရေးစနစ် ထွန်းကားခဲ့သည်။ မြေရှင်ကြီးများမှာ ဘုရင်၊ သာသနာ့ဝန်ထမ်း၊ မှူးမတ်၊ စစ်သူရဲကောင်းနှင့် မြို့စား၊ နယ်စားများဖြစ်ပြီး မြေကျွန် လူတန်းစားများမှာ မြေရှင်တို့ကို အလုပ်အကျွေးပြုကြရသူများ ဖြစ်သည်။ အလယ်ခေတ် စိုက်ပျိုးရေး၏ အခြေခံစနစ်မှာ မန်နာ (Manor) ခေါ် စားမြေဖြစ်သည်။ လယ်သမားများနှင့် မြေကျွန်တို့သည် မြေပိုင်ရှင်ကို အခွန်အခနှင့် လုပ်အားပေးကြရသည်။ မြေရှင်ကြီးများသည် မြေကျွန်များကို မြေယာနှင့်အတူ ရောင်းချနိုင်ခွင့် ရှိသည်။ ထိုခေတ်တွင် ကုန်သွယ်ရေးလုပ်ငန်းရောင်းဝယ်ရေး မထွန်းကားသေးပေ။




**ပုံ–၂.၁ ကမ္ဘာ့မြေပုံ**

အလယ်ခေတ် နှောင်းပိုင်းရောက်မှသာ အရှေ့တိုင်းနှင့် အနောက်တိုင်း ဆက်သွယ်သော ကုန်သွယ်ရေးလမ်းကြောင်းများ ပေါ်ပေါက်လာပြီး ကူးသန်းရောင်းဝယ်ရေးကို အခြေခံသော စီးပွားရေးစနစ်သို့ ပြောင်းလဲလာခဲ့သည်။ ၁၀၉၅ ခုနှစ် မှ ၁၂၄၄ ခုနှစ်အတွင်း ဥရောပနိုင်ငံများက ဦးဆောင်သော ခရူးဆိတ် (Crusades) စစ်ပွဲများ ဖြစ်ပွားခဲ့သည်။ ခရူးဆိတ်စစ်ပွဲများ၏ အကျိုးဆက်အဖြစ် ဥရောပ၌ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေး အခြေအနေများလည်း ပြောင်းလဲတိုးတက်လာခဲ့သည်။



**ပုံ–၂.၂ ခရူးဆိတ်စစ်ပွဲ**

ခရူးဆိတ်စစ်ပွဲများ ပြီးဆုံးပြီးနောက် စစ်ချီရာလမ်းကြောင်းများသည် ကုန်သွယ်ရေးလမ်းကြောင်းအဖြစ် ပြောင်းလဲခဲ့သည်။ အာရှ ကုန်ပစ္စည်းများမှာ လမ်းကြောင်း သုံးသွယ်ဖြင့်

ဥရောပသို့ ရောက်ရှိခဲ့သည်။ ၎င်းတို့မှာ တရုတ်ပြည်မှ ကုန်းလမ်းခရီးဖြင့် ဝင်ရောက်သောလမ်း ဆီးရီးယားမှ မြေထဲပင်လယ်သို့ ဝင်ရောက်သောလမ်းနှင့် အိန္ဒိယသမုဒ္ဒရာမှ အလက်ဇန္ဒြားမြို့သို့ ရောက်ရှိသောလမ်းတို့ဖြစ်သည်။ အရှေ့တိုင်း ကုန်စည်များမှာ ဗင်းနစ်ကုန်သည်များမှတစ်ဆင့် မြေထဲပင်လယ်ဈေးကွက်သို့ ဝင်ရောက်လာသဖြင့် အီတလီမြို့ပြနိုင်ငံများသည် ကုန်သွယ်ရေး အချက်အချာနေရာများ ဖြစ်လာသည်။

ကုန်သွယ်မှု ထွန်းကားလာခဲ့ခြင်းကြောင့် ကုန်သည် လူတန်းစားနှင့် ကုန်သွယ်ရာ လမ်းတစ်လျှောက် အချက်အချာ နေရာများ၌ မြို့များ ပေါ်ထွန်းခဲ့သည်။ ပထဝီဝင် အနေအထားပေါ် အခြေပြု၍ မြို့များဖွဲ့စည်းပုံ မတူညီကြပေ။ ရောမမြို့ဟောင်း နေရာများတွင် ရောင်းဝယ်ရေးစခန်းများ ပြုလုပ်ကြရာမှ ဈေးမြို့များအဖြစ် ပေါ်ထွန်းလာသည်။ ယင်းဈေးမြို့များကို ပြင်သစ်ဘာသာဖြင့် ဘူးခ် (Bourg)ဟု ခေါ်ဆိုကြပြီး မြို့နေလူတန်းစားကို ဘူဇွာ (Bourgeoisie)ဟု ခေါ်သည်။ အချို့သော ဒေသများတွင် ရဲတိုက်၊ ဘုရားကျောင်း အပြင်ဘက်တွင် ဈေးတည်၍ ရောင်းဝယ်ကြသည်။

ခရူးဆိတ်စစ်ပွဲများတွင် ပါဝင်ခဲ့ကြသော မြေရှင်သူကောင်းမျိုးများသည် စစ်အသုံးစရိတ်အတွက် ငွေကြေး လိုအပ်လာသဖြင့် ၎င်းတို့၏ ရိုးရာအရ ဆက်ခံခွင့်ရသော အခွင့်အရေးများကို မြို့နေ လူတန်းစားများထံသို့ ရောင်းချခဲ့သည်။ ကုန်သည်များနှင့် ကုန်ပစ္စည်း ထုတ်လုပ်သူများက ၎င်းတို့၏ အကျိုးစီးပွားကို ကာကွယ်နိုင်ရေးနှင့် အုပ်ချုပ်ရေးပိုင်းတွင် ပါဝင် စွက်ဖက်နိုင်ရေးအတွက် ဂီးလ် (Guild) အသင်းများကို ဖွဲ့စည်းခဲ့သည်။ ၎င်းအသင်းများသည် စီးပွားရေး လုပ်ငန်းများကို လွှမ်းမိုး ချုပ်ကိုင်လာပြီး မြူနီစီပယ် လုပ်ငန်းများကိုပါ ဆောင်ရွက်လာကြသည့်အပြင် မြို့အုပ်ချုပ်ရေး ဝန်ထမ်းများကို ခန့်ထားနိုင်ခွင့် ရရှိလာသောကြောင့် မြို့အုပ်ချုပ်ရေးမှာ ကုန်သည်များကို ကိုယ်စားပြုသော အုပ်ချုပ်ရေး ဖြစ်လာခဲ့သည်။

ဘူဇွာများသည် ကုန်သွယ်ရေးလုပ်ငန်း၊ ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများမှ အကျိုးအမြတ်များစွာ ရရှိသဖြင့် ချမ်းသာကြွယ်ဝလာကြသည်။ ၎င်းတို့က အမျိုးသားစည်းလုံးညီညွတ်မှုကို ဦးဆောင်မှုပေးနိုင်သည့် အမျိုးသားဘုရင်များကို အားပေးထောက်ပံ့ခဲ့ကြသည်။ အမျိုးသားဘုရင်များသည် ပင်လယ်ရပ်ခြား၌ နေရာသစ်များ တိုးချဲ့ရှာဖွေရေးအတွက် အကူအညီပေးခဲ့ကြသည်။ ခရစ်ယာန်ကျောင်းတော်က သာသနာပြန့်ပွားရေးအတွက် နယ်မြေသစ် ရှာဖွေမှုကို အားပေးခဲ့သည်။

အရှေ့တိုင်းနှင့် အနောက်တိုင်းကြား ကုန်သွယ်မှု တိုးတက်လာခြင်း၊ မြို့များ ပေါ်ထွန်းလာခြင်း၊ ဘူဇွာလူတန်းစား ပေါ်ထွန်းလာခြင်း၊ ဘုရင်စနစ်ကို ထောက်ခံသော အတွေးအခေါ်များ ပေါ်ထွန်းလာခြင်းနှင့်အတူ မြေရှင်စနစ် တဖြည်းဖြည်း ချုပ်ငြိမ်းခဲ့ရသည်။ အမျိုးသားဘုရင်များ (National Monarch) သည် သွေးစည်းညီညွတ်သော အမျိုးသားရေးစိတ်ဓာတ်၏ အဓိကမဏ္ဍိုင် ဖြစ်လာသည်။

ဘုရင်တို့၏ ထောက်ခံအားပေးမှု၊ မြေရှင်တို့၏ ဩဇာကျဆင်းလာမှု၊ နိုင်ငံရေးအတွေးအခေါ်များ ပြောင်းလဲလာမှုနှင့် ဘာသာရေးပြုပြင်ပြောင်းလဲမှုများကြောင့် ဥရောပ၌ အမျိုးသားဘုရင်စနစ် (National Monarchy) နှင့် အမျိုးသားနိုင်ငံများ (Nation States) ပေါ်ထွန်းလာခဲ့သည်။ ဤသို့ဖြင့် အင်္ဂလန်၊ ပြင်သစ်၊ ပေါ်တူဂီ၊ စပိန် စသည့် ဥရောပနိုင်ငံများတွင် အမျိုးသားဘုရင်များ ပေါ်ထွန်းလာပြီး အမျိုးသားနိုင်ငံများ ထူထောင်ခဲ့ကြသည်။




ပုံ–၂.၃ အလယ်ခေတ် ဥရောပတိုက် မြေပုံ

## အဓိကအချက်များ

- အလယ်ခေတ်နှောင်းပိုင်း ရောက်မှသာ ကုန်သွယ်ရေးလုပ်ငန်းကို အခြေခံသော စီးပွားရေး စနစ်သို့ ပြောင်းလဲလာခဲ့သည်။
- ၁၀၉၅ ခုနှစ် မှ ၁၂၄၄ ခုနှစ်အတွင်း ဥရောပနိုင်ငံများက ဦးဆောင်သော ခရူးဆိတ် (Crusades) စစ်ပွဲများ ဖြစ်ပွားခဲ့သည်။
- အရှေ့တိုင်း ကုန်စည်များမှာ မြေထဲပင်လယ်ဈေးကွက်သို့ ဝင်ရောက်လာသဖြင့် အီတလီမြို့ပြ နိုင်ငံများသည် ကုန်သွယ်ရေး အချက်အချာနေရာများ ဖြစ်လာသည်။
- ဂီးလ်အသင်းများသည် မြို့အုပ်ချုပ်ရေးဝန်ထမ်းများကို ခန့်ထားနိုင်ခွင့် ရရှိလာသောကြောင့် မြို့အုပ်ချုပ်ရေးမှာ ကုန်သည်များကို ကိုယ်စားပြုသော အုပ်ချုပ်ရေးဖြစ်လာခဲ့သည်။
- ဘုရင်တို့၏ အားပေးထောက်ပံ့မှုဖြင့် ဥရောပ၌ အမျိုးသားဘုရင်စနစ်နှင့် အမျိုးသားနိုင်ငံများ ပေါ်ထွန်းလာခဲ့သည်။

## ၂.၁.၂။ နည်းပညာတိုးတက်လာခြင်း

ဥရောပတွင် ရီနေဆန်း (Renaissance) ခေါ် ဉာဏ်သစ်လောင်းခေတ်သည် အီတလီနိုင်ငံ၌ စတင်ထွန်းကားခဲ့ပြီး ဥရောပနိုင်ငံများသို့ ပျံ့နှံ့သွားသည်။ ရီနေဆန်းဟူသော ဝေါဟာရသည် ပြင်သစ်စကားဖြစ်ပြီး အသစ်တစ်ဖန် ပြန်လည်မွေးဖွားခြင်းဟု အဓိပ္ပာယ်ရသည်။ ရီနေဆန်းခေတ် ၁၃၀၀ ခုနှစ်မှ ၁၆၅၀ ပြည့်နှစ် ကာလအတွင်းတွင် ဥရောပတိုက်သားများသည် ဂရိနှင့် ရောမ စာပေတို့ကို လေ့လာကြပြီး သိပ္ပံပညာရပ်များကို လက်တွေ့စူးစမ်းတီထွင်ခဲ့ကြသည်။

စာပေ၊ အနုပညာ၊ ဂီတ၊ အတွေးအခေါ် ဒဿန၊ ဗိသုကာနှင့် သိပ္ပံပညာရပ် စသည့် နယ်ပယ်အသီးသီး၌ တီထွင်ဆန်းသစ်မှုများ ပေါ်ထွန်းလာခဲ့သည်။ ကူးသန်းရောင်းဝယ်မှု ထွန်းကားခြင်းနှင့်အတူ ဘူဇွာလူတန်းစားတို့သည် အတွေ့အကြုံ အသိဉာဏ် ဗဟုသုတ ကြွယ်ဝလာကြသည်။ ရီနေဆန်းကာလတွင် သဘာဝသိပ္ပံနှင့် ကုန်ထုတ်နည်းပညာရပ်များကို လေ့လာကြံဆခဲ့ကြသည်။ အလယ်ခေတ် ကုန်ဆုံးခါနီးအချိန်တွင် အနောက်ဥရောပ၌ တက္ကသိုလ်ပေါင်း ၈၀ မျှ တည်ထောင်ပြီးဖြစ်သည်။ ရီနေဆန်းခေတ်တွင် အသိပညာ၊ အတတ်ပညာ ဖွံ့ဖြိုးရေးကို အားပေးခဲ့သည်။ တက္ကသိုလ်များ၏ အခန်းကဏ္ဍမှာ ထင်ရှားခဲ့သည်။



ပုံ–၂.၄ နီကိုလပ်ကိုပါနီကပ်စ်



ပုံ–၂.၅ ဂယ်လီလီယို

သိပ္ပံပညာရပ်ဆိုင်ရာ အယူအဆသစ်တစ်ရပ်ဖြစ်သော စကြဝဠာနေဗဟိုပြု သီအိုရီကို နီကိုလပ်ကိုပါနီကပ်စ် (Nicolas Copernicus )က ဖော်ထုတ်ခဲ့သည်။ ဂယ်လီလီယို (Galileo)သည် နက္ခတ်တာရာကြည့်မှန်ပြောင်းကို တီထွင်ပြီး နေဗဟိုပြုအယူအဆ မှန်ကန်ကြောင်း တင်ပြခဲ့သည်။ ဆေးပညာနှင့်ပတ်သက်၍လည်း ခန္ဓာဗေဒအကြောင်းကို ပို၍သိရှိနားလည်ခဲ့ကြသည်။ သင်္ချာ၊ ရူပဗေဒ၊ သတ္တုတူးဖော်ရေးနှင့် သတ္တုကျိုချက်ခြင်း နည်းပညာများ တိုးတက်လာသောကြောင့် စက်ကိရိယာများကို တီထွင်ထုတ်လုပ်နိုင်ခဲ့သည်။ လေရဟတ်နှင့် ရေရဟတ်များကို အသုံးပြု၍ ကောက်ပဲသီးနှံများကြိတ်ခွဲနိုင်ခဲ့သည်။ စာပုံနှိပ်စက် တီထွင်နိုင်ခဲ့သောကြောင့် စာအုပ်များ မြောက်မြားစွာ

ထုတ်ဝေလာနိုင်ခဲ့သည်။

၁၄ ရာစုတွင် ဥရောပတိုက်သားတို့သည် ယမ်းမှုန့်သုံးသေနတ်အမျိုးအစားများနှင့် အဝေးပစ်အမြောက်များ ထုတ်လုပ်နိုင်ခဲ့ကြသည်။ ၎င်းလက်နက်များကို ပိုင်ဆိုင်လာကြသဖြင့် ပင်လယ်ရပ်ခြား နယ်မြေချဲ့ထွင်မှုကို ပြုလုပ်နိုင်ခဲ့သည်။ အာရှနှင့် အာဖရိကသို့ ရေကြောင်းခရီးဖြင့် သွားရောက်၍ ကုန်သွယ်ရေးကို လက်ဝါးကြီးအုပ်နိုင်လာကြသည်။



ပုံ- ၂.၆ နက္ခတ်တာရာကြည့်မှန်ပြောင်း

ရီနေဆန်းခေတ်တွင် တိုးတက်လာသော သိပ္ပံပညာနှင့် သင်္ချာပညာကြောင့် ရေကြောင်းပြကိရိယာများကို အလယ်ခေတ်ကထက် ပိုမိုကောင်းမွန်စွာ ထုတ်လုပ်နိုင်ခဲ့သည်။ သင်္ဘောတည်ဆောက်မှု နည်းပညာရပ် တိုးတက်လာပြီး ကုန်တင်သင်္ဘောများကို တီထွင်နိုင်ခဲ့သည်။ ထို့ကြောင့် ဥရောပတိုက်သားတို့သည် ကုန်သွယ်မှုကို အကြောင်းပြု၍ အာရှနှင့် အာဖရိက နိုင်ငံငယ်များ၏ နိုင်ငံရေးတွင် ဝင်ရောက်ခြယ်လှယ်နိုင်ခဲ့ကြသည်။



ပုံ- ၂.၇ လေရဟတ်



ပုံ- ၂.၈ ရေရဟတ်

**အဓိကအချက်များ**

- ရီနေဆန်းဟူသော ဝေါဟာရသည် ပြင်သစ်စကားဖြစ်ပြီး အသစ်တစ်ဖန် ပြန်လည်မွေးဖွားခြင်းဟု အဓိပ္ပာယ်ရသည်။
- ရီနေဆန်းခေတ်တွင် အသိပညာ၊ အတတ်ပညာ ဖွံ့ဖြိုးရေးကို အားပေးခဲ့သဖြင့် တက္ကသိုလ်များ၏ အခန်းကဏ္ဍမှာ ထင်ရှားခဲ့သည်။
- နီကိုလပ်ကိုပါနီကပ်စ် (Nicolas Copernicus ) သည် စကြဝဠာနေဗဟိုပြု သီအိုရီကို ဖော်ထုတ်ခဲ့သည်။
- ဂယ်လီလီယို (Galileo) သည် နက္ခတ်တာရာကြည့်မှန်ပြောင်းကို တီထွင်ပြီး နေဗဟိုပြု အယူအဆ မှန်ကန်ကြောင်း တင်ပြခဲ့သည်။
- ၁၄ ရာစုတွင် ဥရောပတိုက်သားတို့သည် ပင်လယ်ရပ်ခြား နယ်မြေသစ် ရှာဖွေမှုကို ပြုလုပ်နိုင်ခဲ့သည်။
- ဥရောပတိုက်သားတို့သည် အာရှနှင့် အာဖရိကရှိ နိုင်ငံငယ်များ၏ နိုင်ငံရေးတွင် ဝင်ရောက်ခြယ်လှယ်နိုင်ခဲ့ကြသည်။

## ၂.၁.၃။ အီတလီမြို့ပြနိုင်ငံများ ပေါ်ပေါက်လာခြင်း

အီတလီမြို့ပြနိုင်ငံများသည် မြေထဲပင်လယ်တွင် တည်ရှိသောကြောင့် အရှေ့တိုင်းနှင့် အနောက်တိုင်း ထွက်ကုန်ပစ္စည်းများကို အပြန်အလှန်တင်ပို့ရာ နေရာဖြစ်သည်။ အီတလီမြောက်ပိုင်းရှိ မြို့နိုင်ငံများဖြစ်သော မီလန်၊ ဂျီနိုဝါ၊ ဖလောရင့်စ်၊ ဗင်းနစ်တို့သည် အီတလီနိုင်ငံ၏ ဗဟိုအချက်အချာကျသော မြို့ပြနိုင်ငံများဖြစ်သည်။ မီလန်သည် ဥရောပ၏အကောင်းဆုံး ကတ္တီပါထည်များနှင့် လက်နက်ပစ္စည်းထုတ်လုပ်ရာ မြို့တော်ဖြစ်သည်။

ဖလောရင့်စ်မြို့ရှိ ဘဏ္ဍာများသည် ရေလမ်းကြောင်းဖြင့် ကုန်သွယ်မှုလုပ်ငန်း၊ သိုးမွေးထည်လုပ်ငန်းနှင့် ဘဏ်လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ မြေထဲပင်လယ် အနောက်ဘက် ကမ်းခြေရှိ ဂျီနိုဝါမြို့နှင့် ဗင်းနစ်မြို့တို့သည် မြေထဲပင်လယ်ဒေသ၏ ကုန်သွယ်ရေးကို လက်ဝါးကြီးအုပ်ထားသည်။ ဗင်းနစ်မြို့သည် ဟင်းခတ်အမွှေးအကြိုင် ရောင်းဝယ်ရေး၏ အဓိကဈေးကွက်ဖြစ်ပြီး အရှေ့အနောက် ကုန်သွယ်ရေးမှ အကျိုးစီးပွားများစွာ ရရှိခဲ့သည်။

ဗင်းနစ်ကုန်သည်တို့သည် ခရူးဆိတ်စစ်သားများကို ရိက္ခာအပြည့်အစုံဖြင့် အီဂျစ်၊ ဆီးရီးယားနိုင်ငံအထိ ပို့ဆောင်ပေးခဲ့ကြသည်။ ကုန်သင်္ဘောများဖြင့် ပင်လယ်နက်၊ ဆီးရီးယား၊ အီဂျစ်၊ စပိန်နှင့် ဥရောပ မြောက်ပိုင်းအထိ သွားရောက်ကုန်သွယ်နိုင်ခဲ့ကြသည်။



DREBOX




ပုံ–၂.၉ အီတလီ မြို့ပြနိုင်ငံများပြ မြေပုံ

အီတလီမြို့ပြနိုင်ငံများသည် အုပ်ချုပ်ရေးပုံစံ အမျိုးမျိုးရှိကြပြီး ၁၅ ရာစု၌ ပြည်ပမှ ကျူးကျော်ဝင်ရောက်မှုများ ကြုံတွေ့လာရသောအခါ အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခြင်းမရှိ၍ ပြည်ပနိုင်ငံများ၏ ဩဇာလွှမ်းမိုးမှုကို ခံခဲ့ရသည်။

**အဓိကအချက်များ**

- အီတလီ မြို့ပြနိုင်ငံများသည် ဥရောပ၏ ဉာဏ်သစ်လောင်းခေတ်ကို ဦးဆောင်နိုင်ခဲ့သည်။
- မီလန်သည် ဥရောပ၏အကောင်းဆုံး ကတ္တီပါထည်များနှင့် လက်နက်ပစ္စည်းထုတ်လုပ်ရာ မြို့တော်ဖြစ်သည်။
- ဗင်းနစ်မြို့သည် ဟင်းခတ်အမွှေးအကြိုင် ရောင်းဝယ်ရေး၏ အဓိကဈေးကွက်ဖြစ်သည်။
- အီတလီမြို့ပြနိုင်ငံများသည် ၁၅ ရာစု၌ အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခြင်းမရှိ၍ ပြည်ပနိုင်ငံများ၏ ဩဇာလွှမ်းမိုးမှုကို ခံခဲ့ရသည်။

**လေ့ကျင့်ရန် မေးခွန်းများ**

## ၁။ အောက်ပါ ကွက်လပ်များကို ဖြည့်ပါ။

(က) ခရူးဆိတ်(Crusades)စစ်ပွဲများသည် ___ ခုနှစ်မှ ၁၂၄၄ ခုနှစ်အတွင်းဖြစ်ပွားခဲ့သည်။ ( )

(ခ) ဘူဇွာတို့က အမျိုးသားစည်းလုံးညီညွတ်မှုကို ဦးဆောင်မှုပေးနိုင်သည့် ___ များကို အားပေး ထောက်ပံ့ခဲ့ကြသည်။ ( )

(ဂ) ဥရောပတွင် ရီနေဆန်း (Renaissance) ခေါ် ___ ခေတ်သည် အီတလီမြို့ပြနိုင်ငံများ၌ စတင်ထွန်းကားခဲ့သည်။ ( )

(ဃ) ရီနေဆန်းကာလတွင် သဘာဝသိပ္ပံနှင့် ___ နည်းပညာရပ်များကို လေ့လာကြံဆခဲ့ကြသည်။ ( )

(င) ဗင်းနစ်မြို့သည် ___ ရောင်းဝယ်ရေး၏ အဓိကဈေးကွက်ဖြစ်သည်။ ( )

## ၂။ အောက်ပါတို့ကို မှန်လျှင် (မှန်)၊ မှားလျှင် (မှား) ဟု ရေးပါ။

(က) ခရူးဆိတ်စစ်ပွဲများ၏ အကျိုးဆက်အဖြစ် ဥရောပ၌ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေး အခြေအနေများလည်း ပြောင်းလဲတိုးတက်လာခဲ့သည်။ ( )

(ခ) ကုန်သွယ်မှု ထွန်းကားလာခဲ့ခြင်းကြောင့် ကုန်သည်လူတန်းစားနှင့် ကုန်သွယ်ရာ လမ်းတစ်လျှောက် အချက်အချာနေရာများ၌ ဈေးများ ပေါ်ထွန်းခဲ့သည်။ ( )

(ဂ) ဥရောပတိုက်သားများသည် ဂရိနှင့် ပြင်သစ်စာပေတို့ကို လေ့လာကြပြီး သိပ္ပံပညာရပ်များကို လက်တွေ့စူးစမ်း တီထွင်ခဲ့ကြသည်။ ( )

(ဃ) ဖလောရင့်စ်မြို့ရှိ ဘူဇွာများသည် ရေလမ်းကြောင်းဖြင့် ကုန်သွယ်မှုလုပ်ငန်း၊ သိုးမွေးထည်လုပ်ငန်းနှင့် ဘဏ်လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ( )

(င) အီတလီ မြို့ပြနိုင်ငံများသည် ၁၅ ရာစု၌ ပြည်ပနိုင်ငံများ၏ သြဇာလွှမ်းမိုးမှုကို ခံခဲ့ရသည်။ ( )

## ၃။ အောက်ပါ မေးခွန်းများကို ဖြေဆိုပါ။

(က) ခရူးဆိတ်စစ်ပွဲများသည် ဥရောပနိုင်ငံများကို မည်ကဲ့သို့ ပြောင်းလဲစေခဲ့သနည်း။

(ခ) ဂီးလ် (Guild)အသင်းများ၏ ဆောင်ရွက်ချက်များကို ဖော်ပြပါ။

(ဂ) ဥရောပ၌ မြေရှင်စနစ် အဘယ်ကြောင့် ချုပ်ငြိမ်းခဲ့ရသည်ကို ဝေဖန်သုံးသပ်ပါ။


**၄။ အောက်ပါ မေးခွန်းများကို ဆွေးနွေး၍ ရလဒ်များကို မှတ်စုစာအုပ်တွင် ရေးပါ။**

(က) ဥရောပ၌ အမျိုးသားနိုင်ငံများ ပေါ်ပေါက်စေသော အကြောင်းရင်းများကို ဆွေးနွေးတင်ပြပါ။

(ခ) ဥရောပ အမျိုးသားနိုင်ငံများ ပေါ်ပေါက်ခဲ့ပြီးနောက် တိုးတက်လာသည့် နည်းပညာများ အကြောင်းကို သုံးသပ်တင်ပြပါ။

(ဂ) အီတလီ မြို့ပြနိုင်ငံများ ပေါ်ပေါက်လာခြင်းအကြောင်းရင်းကို ဝေဖန်သုံးသပ်ပါ။

**သင်ခန်းစာ ၂.၁။ ဥရောပ၌ ပြောင်းလဲမှုများ ပေါ်ပေါက်လာခြင်းတွင် သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။**




**သင်ခန်းစာ – ၂.၁ ပုံပါ ရင်းမြစ်များ**

**ပုံ ၂.၁ ကမ္ဘာ့မြေပုံ** (http://tldesigner.net/wp-content/uploads/world-map-continents-and-oceans-scrapsofme-me-of-with-4.jpg) (၁-၇-၂၀၁၉)

**ပုံ ၂.၂ ခရူးဆိတ်စစ်ပွဲ** (https://i.ytimg.com/vi/mLBws-4kzG8/maxresdefault.jpg) (၂-၇-၂၀၁၉)

**ပုံ ၂.၃ အလယ်ခေတ် ဥရောပတိုက် မြေပုံ** (https://i.pinimg.com/originals/74/e6/97/74e6974 10541 cf8b57 bd014e0fc99072.png) (၄-၇-၂၀၁၉)

**ပုံ ၂.၄ နီကိုလပ်ကိုပါနီကပ်စ်** (https://thumbs-prod.si-cdn.com/jan_matejko-astronomer_copernicus-conversation_with_god.jpg) (၆-၇-၂၀၁၉)

**ပုံ ၂.၅ ဂယ်လီလီယို** (https://upload.wikimedia.org/wikipedia/commons/e/e7/Bertini_fresco_of_Galileo_Galilei_and_Doge_of_Venice.jpg) (၇-၇-၂၀၁၉)

**ပုံ ၂.၆ နက္ခတ်တာရာကြည့် မှန်ပြောင်း** (http://www.telescope1609.com/Images/Galileos Tele scope.jpg) (၇-၇-၂၀၁၉)

**ပုံ ၂.၇ လေရဟတ်** (https://cdn.britannica.com/07/4607-050-8A8872A0.jpg)(၉-၇-၁၉)

**ပုံ ၂.၈ ရေရဟတ်** (https://i.pinimg.com/originals/c4/7a/69/c47a690c9023 fa489 edc39 a278afd8d0.jpg) (၉-၇-၂၀၁၉)

**ပုံ ၂.၉ အီတလီ မြို့ပြနိုင်ငံများပြ မြေပုံ** (http://www.webexhibits.org/feast/i/context/h2-image.gif) (၁၂-၇-၂၀၁၉)

*References*

1- Skinner, Carol Ann and Kazarosiam, Karen, World History: Perspectives on the Past, Massachusetts, D.C. Heath & Co., 1998.

2- Craig, Albert M, etal, The Heritage of World Civilizations, New York, Mac Millan Publishing Co., 1990.

3- Davies, H.A, Outline History of the World, 15th ed. London, Oxford University Press, 1969.

4- Weech, W.N, History of the World, 2nd ed., London, Odhamas Press Ltd. Long Acre, 1960.

DBE BOX

## ၂.၂။ ဥရောပတိုက်သားတို့၏ ပထမအဆင့်နယ်ချဲ့ခြင်း

**နိဒါန်း**

ဤအခန်းတွင် ဥရောပတိုက်သားတို့ ပထမအဆင့် နယ်ချဲ့ခြင်း၏ အခြေခံအကြောင်းရင်း၊ ပေါ်တူဂီတို့ အာရှတွင် နယ်ချဲ့ခြင်းနှင့် စပိန်တို့ အမေရိကတိုက်တွင် နယ်ချဲ့ခြင်းကို လေ့လာသင်ယူနိုင်မည်ဖြစ်သည်။

**ဤသင်ခန်းစာနှင့် ပတ်သက်၍ သင်သိရှိပြီးသော အကြောင်းအရာ**

ရှေ့က သင်ယူခဲ့ပြီးသော သင်ခန်းစာတွင် အမျိုးသားနိုင်ငံများ ပေါ်ပေါက်လာခြင်း၊ နည်းပညာများ တိုးတက်လာခြင်းနှင့် အီတလီ မြို့ပြနိုင်ငံများပေါ်ပေါက်လာခြင်းအကြောင်းကို သိရှိခဲ့ပြီး ဖြစ်သည်။

**သင်ခန်းစာပြီးလျှင် သင်သည် အောက်ပါတို့ကို သိရှိနားလည် လုပ်ဆောင်နိုင်မည်။**

ဤအခန်းကို သင်ယူပြီးပါက ဥရောပတိုက်သားတို့ ပထမအဆင့် နယ်ချဲ့ခြင်း၏ အခြေခံအကြောင်းရင်း၊ ပေါ်တူဂီတို့ အာရှတွင် နယ်ချဲ့ခြင်းနှင့် စပိန်တို့ အမေရိကတိုက်တွင် နယ်ချဲ့ခြင်းကို ဆန်းစစ်တတ်လာမည်။

### ၂.၂.၁။ ဥရောပတိုက်သားတို့ ပထမအဆင့်နယ်ချဲ့ခြင်း၏ အခြေခံအကြောင်းရင်း

တရုတ်ပြည်တွင် မွန်ဂိုတို့ ကြီးစိုးစဉ်အခါက တရုတ်နိုင်ငံမှ အရှေ့ဥရောပနိုင်ငံများသို့ ပိုးလမ်းမကို အသုံးပြု၍ ကုန်သွယ်မှုပြုလုပ်ခဲ့ကြသည်။ ထင်ရှားသော အနောက်နိုင်ငံသား ခရီးသွားပုဂ္ဂိုလ် မာကိုပိုလိုသည် ၁၃ ရာစုနှောင်းပိုင်းတွင် တရုတ်ပြည်သို့ ရောက်ရှိခဲ့သည်။ ၁၂၉၅ ခုနှစ်တွင် ဥရောပသို့ ပြန်လည်ရောက်ရှိပြီး ၎င်း၏ ပြောကြားမှုများကြောင့် တရုတ်ပြည်၏ ထွက်ကုန်များဖြစ်သော ပိုးထည်များ၊ ကြွေထည်များ၊ လက်ဖက်ခြောက်နှင့် ရတနာပစ္စည်းများ အကြောင်းကို သိရှိလာကြသည်။ ဤသို့ဖြင့် ဥရောပတိုက်သားများသည် တရုတ်ပြည်နှင့် ကုန်သွယ်ရေးကို ပိုမိုလုပ်ဆောင်လာကြသည်။

၁၄ ရာစု အလယ်ပိုင်းတွင် ဥရောပ၌ ခရူးဆိတ် စစ်ပွဲဖြစ်ပွားခြင်း၊ မွန်ဂိုတို့ အင်အားကျဆင်းသွားခြင်းကြောင့် ပိုးလမ်းမကြီးမှာ ခရီးသွားကုန်သည်များအတွက် အန္တရာယ်များလာခဲ့သည်။ ဥရောပနှင့် အာရှတိုက် ကုန်းတွင်းပိုင်းတွင်လည်း ကပ်ရောဂါများ ကျရောက်သဖြင့် ပိုးလမ်းမကြီးကို အသုံးပြုမှု နည်းပါးသွားခဲ့သည်။ အာရှတိုက်မှ ကုန်စည်များ ဥရောပသို့ မရောက်နိုင်တော့သဖြင့် ပင်လယ်ရေကြောင်းလမ်းမှ အာရှသို့ ကုန်သွယ်နိုင်ရန် ကြိုးပမ်းလာကြသည်။




**ပုံ– ၂.၁၀ ပိုးလမ်းမကြီးပြ မြေပုံ**

ပင်လယ်ရေကြောင်းသွားလာရာတွင် အသုံးပြုနိုင်သော သံလိုက်အိမ်မြှောင်ကို တရုတ်နိုင်ငံက ဦးစွာတီထွင်ခဲ့သည်။ အိန္ဒိယသမုဒ္ဒရာအတွင်း ပင်လယ်ရေကြောင်း သွားလာနေကြသော အာရပ်ကုန်သည်များက ၎င်းနည်းပညာကို ၁၁ ရာစုတွင် ရရှိသွားကြသည်။ ၁၂ ရာစု အလယ်ပိုင်းတွင် ဥရောပတိုက်သားများက သံလိုက်အိမ်မြှောင်ကို သုံးစွဲတတ်လာခဲ့သည်။ ၁၄ ရာစု နောက်ပိုင်းကာလများတွင် ဥရောပတိုက်သားတို့သည် အမြောက်ကို တွင်ကျယ်စွာ အသုံးပြုနိုင်ခဲ့ကြပြီး ၁၆ ရာစု အစောပိုင်းတွင် ပြောင်းရှည်သေနတ်များ အသုံးပြုနေပြီဖြစ်သည်။ နယ်မြေသစ်များ စူးစမ်းရှာဖွေသွားလာကြရာမှ သင်္ဘောတည်ဆောက်သည့် အတတ်ပညာ တိုးတက်လာကြသည်။



**ပုံ– ၂.၁၁ သံလိုက်အိမ်မြှောင်**



**ပုံ– ၂.၁၂ ပြောင်းရှည် သေနတ်များ**

အာရပ် သင်္ဘောသားတို့ထံမှ သင်္ဘောတည်နေရာကို ရှာဖွေနိုင်သော နည်းပညာကို ဥရောပ တိုက်သားတို့ ရရှိခဲ့သည်။ ထို့ပြင် ရာသီအလိုက် တိုက်ခတ်သော လေကြောင်းနှင့် သမုဒ္ဒရာရေစီးကြောင်းတို့၏ သဘောသဘာဝကို ကောင်းစွာနားလည်လာကြပြီ ဖြစ်သည်။ ထိုကဲ့သို့ သင်္ဘောတည်ဆောက်ခြင်းပညာ၊ ရေကြောင်းသွားလာရေး နည်းပညာများနှင့် သေနတ်၊ အမြောက်တို့ကို ကောင်းစွာ ပြုလုပ်သုံးစွဲနိုင်ခြင်းတို့ကြောင့် ဥရောပတိုက်သားများသည် နယ်ပယ်သစ်ရှာဖွေခြင်းနှင့် နယ်ချဲ့ရာတွင် အင်အားကြီးမားလာသည်။ ဥရောပတိုက်သားတို့က အရှေ့တိုင်းကုန်သွယ်ရေးကို လက်ဝါးကြီးအုပ်နိုင်ရန်နှင့် ခရစ်ယာန်ဘာသာ ပြန့်ပွားစေရန် အာရှတိုက်သို့ နယ်ချဲ့လာခဲ့ကြသည်။



ပုံ– ၂.၁၃ ဥရောပတိုက်သားများ သင်္ဘောတည်ဆောက်ပုံ

ဥရောပနိုင်ငံများအနက် ပေါ်တူဂီနိုင်ငံသည် နယ်မြေသစ်ရှာဖွေခြင်းနှင့် နယ်ချဲ့ခြင်းကို ဦးစွာလုပ်ဆောင်သော နိုင်ငံဖြစ်သည်။ ပေါ်တူဂီနိုင်ငံ၏ အောင်မြင်မှုများကို တွေ့မြင်လာသော စပိန်၊ ဒတ်ချ်၊ ပြင်သစ်နှင့် အင်္ဂလိပ်တို့သည်လည်း ပင်လယ်ရပ်ခြား စွန့်စားသွားလာခြင်းနှင့် နယ်မြေချဲ့ထွင်ခြင်းကို လုပ်ဆောင်လာကြသည်။

**အဓိကအချက်များ**

- မွန်ဂိုတို့က ပိုးလမ်းမကြီးဖြင့် တရုတ်နိုင်ငံမှ အရှေ့ဥရောပနိုင်ငံများသို့ ကုန်သွယ်မှု ပြုလုပ်ခဲ့သည်။
- အနောက်နိုင်ငံသား ခရီးသွားမာကိုပိုလိုသည် ၁၃ ရာစုနောက်ပိုင်းတွင် တရုတ်ပြည်သို့ ရောက်ရှိခဲ့သည်။
- ရာသီအလိုက် တိုက်ခတ်သော လေကြောင်းနှင့် သမုဒ္ဒရာ ရေစီးကြောင်းတို့၏ သဘောသဘာဝကို ကောင်းစွာနားလည်လာကြပြီ ဖြစ်သည်။
- ၁၄ ရာစုအလယ်ပိုင်းတွင် ဥရောပ၌ ခရူးဆိတ် စစ်ပွဲဖြစ်ပွားခြင်း၊ မွန်ဂိုတို့ အင်အားကျဆင်းသွားခြင်းကြောင့် ပိုးလမ်းမကြီးမှာ ခရီးသွားကုန်သည်များအတွက် အန္တရာယ်များသဖြင့် ဥရောပသို့ ပင်လယ်ရေကြောင်းလမ်းမှ ကုန်သွယ်နိုင်ရန် ကြိုးပမ်းလာကြသည်။

- သင်္ဘောတည်ဆောက်ခြင်းပညာ၊ ရေကြောင်းသွားလာရေး နည်းပညာများနှင့် သေနတ်၊ အမြောက်တို့ကို ကောင်းစွာ ပြုလုပ်သုံးစွဲနိုင်ခြင်းကြောင့် ဥရောပနိုင်ငံသားများအတွက် နယ်ပယ်သစ် ရှာဖွေခြင်း၊ နယ်ချဲ့ခြင်းအတွက် အင်အားကြီးမားလာသည်။
- ဥရောပနိုင်ငံများအနက် နယ်မြေသစ် ရှာဖွေခြင်း၊ နယ်ချဲ့ခြင်းကို ဦးစွာလုပ်ဆောင်သော နိုင်ငံမှာ ပေါ်တူဂီနိုင်ငံ ဖြစ်သည်။

## ၂.၂.၂။ ပေါ်တူဂီတို့ အာရှတိုက်တွင်နယ်ချဲ့ခြင်း

ပေါ်တူဂီတို့သည် ရေကြောင်းသွားလာမှု ကျွမ်းကျင်သဖြင့် ၁၄ ရာစုအစောပိုင်းတွင် အတ္တလန္တိတ် သမုဒ္ဒရာအတွင်းရှိ ကနေရီကျွန်းစု (Kanari Island) ကို ရှာဖွေတွေ့ရှိခဲ့သည်။ ထိုကျွန်းများတွင် ကြံစိုက်ပျိုး၍ ဥရောပသို့ သကြားတင်ပို့ ရောင်းချနိုင်ခဲ့သည်။ ပေါ်တူဂီမင်းသား ဟင်နရီက ရေကြောင်းသွားလာမှုကို အထူးအားပေးသည်။ ဟင်နရီ၏ ရည်ရွယ်ချက်မှာ ခရစ်ယာန် ဘာသာပြန့်ပွားစေရန်နှင့် ပေါ်တူဂီတို့၏ အာဏာကို ဖြန့်ကျက်ရန် ဖြစ်သည်။




ပုံ-၂.၁၄ ပေါ်တူဂီတို့ အာရှတိုက်တွင် နယ်ချဲ့ခြင်း လမ်းကြောင်းပြမြေပုံ



ပုံ-၂.၁၅ အိန္ဒိယပြည်သို့ရောက်ရှိလာသူ ဗာစကိုဒဂါးမား

၁၄၁၅ ခုနှစ်တွင် မြေထဲပင်လယ်၏ အချက်အချာကျသော ဂျီဘရော်တာရေလက်ကြား (The Strait of Gibraltar) ကို ထိန်းချုပ်နိုင်ခဲ့သည်။ ထို့နောက် အတ္တလန္တိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းများကို သိမ်းယူ၍ ကိုလိုနီနယ်ချဲ့ထူင်ခဲ့သည်။

ပေါ်တူဂီတို့သည် ၁၄၈၈ ခုနှစ်တွင် အာဖရိကတိုက် တောင်ပိုင်း ဂွတ်ဟုတ် (Good Hope) အငူကိုပတ်၍ အိန္ဒိယသမုဒ္ဒရာအတွင်းသို့ ဝင်ရောက်နိုင်ခဲ့သည်။ ၁၄၉၈ ခုနှစ်တွင် ဗာစကိုဒဂါးမားသည် အိန္ဒိယနိုင်ငံ ကာလီကတ် (Calicut) မြို့ကိုရောက်ရှိခဲ့သည်။ ထိုဒေသမှ

ထွက်ရှိသော ငရုတ်ကောင်းနှင့် ဟင်းခတ်အမွှေးအကြိုင် အမြောက်အမြားကို သယ်ယူခဲ့ပြီး ၁၄၉၉ ခုနှစ်တွင် ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

၁၅၀၂-၁၅၀၃ ခုနှစ်တွင် ဗာစကိုဒဂါးမားသည် လက်နက် တပ်ဆင်ထားသော သင်္ဘော ၂၁ စီးဖြင့် အိန္ဒိယသို့ ထပ်မံရောက်ရှိခဲ့သည်။ အိန္ဒိယနိုင်ငံ မလဘာကမ်းခြေ ဂိုအာမြို့ (Goa)တွင် ခံတပ် အခိုင်အမာ ပြုလုပ်၍ ကုန်သွယ်ရေး အခြေစိုက်စခန်း ဖွင့်လှစ်ခဲ့သည်။ ၁၅၀၉ ခုနှစ်တွင် သီဟိုဠ်ကျွန်းကို သိမ်းယူပြီး မလေးကျွန်းဆွယ်ရှိ မလက္ကာမြို့ကို ထပ်မံသိမ်းယူသည်။ ၁၅၁၇ ခုနှစ်တွင် တရုတ်ပြည်တောင်ပိုင်း ကန်တုံမြို့အနီး မကာအိုတွင် ကုန်တိုက်ဖွင့်၍ တရုတ်ပြည်နှင့် ကူးသန်း ရောင်းဝယ်မှုများ ပြုလုပ်သည်။

ပေါ်တူဂီနိုင်ငံသည် ၁၅ ရာစုတွင် လူဦးရေနည်းပါးခြင်း၊ ကုန်သွယ်မှုလုပ်ငန်းတွင် ရင်းနှီးမြုပ်နှံမှု လျော့ကျလာခြင်း၊ ကုန်သွယ်ရေကြောင်းတွင် ဒတ်ချ်နှင့် အင်္ဂလိပ်တို့ကို မယှဉ်ပြိုင်နိုင်ခြင်းတို့ကြောင့် ၁၆ ရာစုနောက်ပိုင်းတွင် အိန္ဒိယသမုဒ္ဒရာကို စိုးမိုးထားနိုင်ခြင်း မရှိတော့ပေ။

**အဓိကအချက်များ**

- ပေါ်တူဂီတို့သည် ရေကြောင်းသွားလာမှုတွင် ကျွမ်းကျင်သည်။
- ၁၄၁၅ ခုနှစ်တွင် ပေါ်တူဂီတို့သည် မြေထဲပင်လယ်၏ အချက်အချာကျသော ဂျီဘရော်တာ ရေလက်ကြားကို ထိန်းချုပ်နိုင်ခဲ့သည်။
- ပေါ်တူဂီတို့သည် ၁၄၈၈ ခုနှစ်တွင် အာဖရိကတိုက်တောင်ပိုင်း ဂွတ်ဟုတ်အငူကိုပတ်၍ အိန္ဒိယသမုဒ္ဒရာအတွင်းသို့ ဝင်ရောက်နိုင်ခဲ့သည်။
- ဗာစကိုဒဂါးမားသည် အိန္ဒိယနိုင်ငံ မလဘာကမ်းခြေရှိ ဂိုအာမြို့တွင် ခံတပ်အခိုင်အမာပြုလုပ်၍ ကုန်သွယ်ရေးအခြေစိုက်စခန်း ဖွင့်လှစ်ခဲ့သည်။
- ၁၅၀၉ ခုနှစ်တွင် ပေါ်တူဂီတို့သည် သီဟိုဠ်ကျွန်းနှင့် မလေးကျွန်းဆွယ်ရှိ မလက္ကာမြို့ကို သိမ်းယူသည်။
- ၁၅၁၇ ခုနှစ်တွင် ပေါ်တူဂီတို့သည် မကာအိုတွင် ကုန်တိုက်ဖွင့်၍ တရုတ်ပြည်နှင့် ကူးသန်း ရောင်းဝယ်မှုများ ပြုလုပ်သည်။

## ၂.၂.၃။ စပိန်တို့ အမေရိကတိုက်တွင်နယ်ချဲ့ခြင်း

အီတလီလူမျိုး ခရစ္စတိုဖာကိုလံဘတ်စ်သည် ဥရောပတိုက်မှ အနောက်ဘက်သို့ ဦးတည်၍ အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်ပြီးသွားလျှင် အာရှတိုက်သို့ ရောက်နိုင်မည်ဟု ယုံကြည်သည်။

စပိန်ဘုရင် ဖာဒီနန်နှင့် အစ္စဘယ်လာတို့၏ အကူအညီအထောက်အပံ့ဖြင့် ၁၄၉၂ ခုနှစ်တွင် ခရစ္စတိုဖာကိုလံဘတ်စ်သည် စပိန်နိုင်ငံမှ သင်္ဘောသုံးစင်းဖြင့် နယ်မြေသစ်ရှာဖွေရန် ထွက်ခွာခဲ့ရာ ဘဟားမားကျွန်းစုသို့ ရောက်ရှိခဲ့သည်။ ကိုလံဘတ်စ်ကိုယ်တိုင် အာရှတိုက်သို့ရောက်ပြီဟု ယုံကြည်ခဲ့သည့်အတွက် ထိုကျွန်းများကို အိန္ဒိယကျွန်းစုများ (Indies) ဟူ၍ လည်းကောင်း၊ ထိုကျွန်းများပေါ်တွင် နေထိုင်သူများကို အင်ဒီးယန်းများ (Indians) ဟူ၍လည်းကောင်း ခေါ်ဆိုခဲ့သည်။ နောင်းလူများက ထိုကျွန်းများသည် အိန္ဒိယပြည်မဟုတ်ကြောင်း သိရှိသောအခါ အနောက်အိန္ဒိယကျွန်းစုများ (West Indies) ဟု ခေါ်ဆိုခဲ့သည်။



ပုံ – ၂.၁၆ အီတလီ လူမျိုး ခရစ္စတိုဖာကိုလံဘတ်စ်

ကိုလံဘတ်စ်သည် ၁၄၉၃ ခုနှစ်တွင် စပိန်ပြည်သို့ ပြန်လည်ရောက်ရှိပြီး စပိန်ဘုရင်အတွက် ရွှေ၊ ငွေ၊ ဝါဂွမ်းနှင့် ထူးဆန်းသော တိရစ္ဆာန်များကို လက်ဆောင်အဖြစ် ဆက်သခဲ့သည်။ ကိုလံဘတ်စ်ကို စပိန်ဘုရင်က သင်္ဘော ၁၇ စင်း၊ လူအင်အား ၁၅၀၀ ဖြင့် အနောက်အိန္ဒိယကျွန်းစုသို့ ထပ်မံစေလွှတ်သည်။

ရေကြောင်း သွားလာသူ ပေါ်တူဂီ



ပုံ – ၂.၁၇ မက်ဂျလန်

လူမျိုး မက်ဂျလန်က အတ္တလန္တိတ် သမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာကို ဖြတ်၍ အနောက်ဘက်မှ ကမ္ဘာကိုပတ်နိုင်သော ရေကြောင်းလမ်းကို ရှာဖွေတွေ့ရှိနိုင်မည်ဟု ယုံကြည်ခဲ့သည်။ ၁၅၁၉ ခုနှစ်တွင် မက်ဂျလန်သည် စပိန်ဘုရင်၏ အကူအညီဖြင့် အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်ကျော်၍ မက္ကဆီကိုနိုင်ငံသို့ ရောက်ရှိခဲ့သည်။ ထို့နောက် တောင်အမေရိကတိုက် ကမ်းရိုးတန်းတစ်လျှောက် တောင်ဘက်သို့ ရွက်လွှင့်ခဲ့သည်။ တောင်အမေရိကတိုက် တောင်ဘက်အစွန်းတွင် ကျဉ်းမြောင်းသော ရေလက်ကြားတစ်ခုကို ဖြတ်ကျော်၍ အနောက်ဘက်သို့ ဆက်လက်သွားရာ ကြီးမားကျယ်ပြန့်၍ လှိုင်းလေငြိမ်သက်သော သမုဒ္ဒရာကြီးတစ်ခုသို့ ရောက်ရှိသည်။ ထိုသမုဒ္ဒရာကြီးကို ပစိဖိတ်သမုဒ္ဒရာဟု မက်ဂျလန်က အမည်ပေးသည်။ တောင်အမေရိကတိုက် တောင်ဘက်အစွန်းတွင် ကျဉ်းမြောင်းသော

ရေလက်ကြားကို နောင်တွင် မက်ဂျလန်ရေလက်ကြားဟု အမည်ပေးခဲ့ကြသည်။ ပစိဖိတ်သမုဒ္ဒရာကို ဖြတ်ကျော်၍ အရှေ့တောင်အာရှရှိ ဖိလစ်ပိုင်ကျွန်းစုကို ရောက်ရှိပြီး ကိုလိုနီနယ်မြေသစ် ထူထောင်ခဲ့သည်။

ကိုလံဘတ်စ်နှင့် မက်ဂျလန်တို့ ရောက်ရှိခဲ့သော အနောက်အိန္ဒိယကျွန်းစုနှင့် အမေရိကတိုက် အလယ်ပိုင်းကုန်းမြေတို့ကို စပိန်ကိုလိုနီနယ်များအဖြစ် တည်ထောင်လိုက်သည်။ ထပ်မံ၍ ကရစ်ဘီယန်ပင်လယ်အတွင်းရှိ ဟေတီ၊ ကျူးဘား စသော ကျွန်းများတွင် နယ်မြေသစ်များ ချဲ့ထွင်ခဲ့သည်။ ၁၅၁၉ ခုနှစ်တွင် မက္ကဆီကိုကို သိမ်းပိုက်ပြီး ၁၅၃၂ ခုနှစ်တွင် ပီရူးကို သိမ်းယူ နယ်ချဲ့ခဲ့ကြသည်။

ပီရူးနိုင်ငံသည် တောင်အမေရိကတိုက်၏ အနောက်ဘက်အခြမ်းတွင် တည်ရှိသည်။ ထိုနိုင်ငံရှိ သတ္တုတွင်းများမှ နှစ်စဉ် ရွှေနှင့် ငွေ အမြောက်အမြား ထုတ်ယူရရှိသည်။ ပီရူးမှ ရရှိသော ရွှေနှင့် ငွေများကို ဖိလစ်ပိုင်ကျွန်းစု မနီလာဆိပ်ကမ်းမြို့သို့ တင်ပို့ခြင်း၊ တရုတ်နိုင်ငံထွက် ပစ္စည်းများဖြစ်သော ပိုးထည်၊ ကြွေထည်နှင့် အာရှတိုက်ထွက်ကုန် ဟင်းခတ်အမွှေးအကြိုင်နှင့် ဆင်စွယ်များကို ကုန်သွယ်ရောင်းချခြင်းတို့ဖြင့် စပိန်နိုင်ငံသည် ကြွယ်ဝချမ်းသာလာခဲ့သည်။

**အဓိကအချက်များ**

- အီတလီလူမျိုး ခရစ္စတိုဖာကိုလံဘတ်စ်သည် ဥရောပတိုက်မှ အနောက်ဘက်သို့ ဦးတည်၍ အတ္တလန္တိတ်သမုဒ္ဒရာကိုဖြတ်ပြီး အာရှတိုက်သို့ ရောက်နိုင်မည်ဟု ယုံကြည်ခဲ့သည်။
- ပေါ်တူဂီလူမျိုး မက်ဂျလန်က အတ္တလန္တိတ်သမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာကို ဖြတ်၍ အနောက်ဘက်မှ ကမ္ဘာကိုပတ်နိုင်သော ရေကြောင်းလမ်းကို ရှာဖွေတွေ့ရှိနိုင်မည်ဟု ယုံကြည်ခဲ့သည်။
- အနောက်အိန္ဒိယကျွန်းစုနှင့် အမေရိကတိုက် အလယ်ပိုင်းကုန်းမြေတို့ကို စပိန်ကိုလိုနီနယ်များအဖြစ် တည်ထောင်လိုက်သည်။
- ကရစ်ဘီယန်ပင်လယ်အတွင်းရှိ ဟေတီ၊ ကျူးဘား စသော ကျွန်းများတွင် နယ်မြေသစ်များ ချဲ့ထွင်ခဲ့သည်။
- ၁၅၁၉ ခုနှစ်တွင် မက္ကဆီကိုနှင့် ၁၅၃၂ ခုနှစ်တွင် ပီရူးတို့ကို သိမ်းယူနယ်ချဲ့ခဲ့ကြသည်။
- ပီရူးမှ ရရှိသော ရွှေနှင့် ငွေများကို ဖိလစ်ပိုင်ကျွန်းစု မနီလာဆိပ်ကမ်းမြို့သို့ တင်ပို့ခြင်း၊ တရုတ်နိုင်ငံထွက် ပစ္စည်းများဖြစ်သော ပိုးထည်၊ ကြွေထည်နှင့် အာရှတိုက်ထွက်ကုန် ဟင်းခတ်အမွှေးအကြိုင်နှင့် ဆင်စွယ်များကို ကုန်သွယ်ရောင်းချခြင်းတို့ဖြင့် စပိန်နိုင်ငံသည် ကြွယ်ဝချမ်းသာလာခဲ့သည်။

**လေ့ကျင့်ရန် မေးခွန်းများ**

**(ဆွေးနွေးချက် ရလဒ်များကို မှတ်စုစာအုပ်တွင် ရေးပါ)**

**၁။ အောက်ပါ ကွက်လပ်များကို ဖြည့်ပါ။**

(က) တရုတ်နိုင်ငံမှ အရှေ့ဥရောပနိုင်ငံများသို့ ____ ကို အသုံးပြု၍ ကုန်သွယ်မှုပြုလုပ်ခဲ့သည်။

(ခ) ဥရောပနှင့် အာရှကုန်းတွင်းပိုင်းတွင်လည်း ____ များ ကျရောက်သဖြင့် ပိုးလမ်းမကြီး ပိတ်သွားသည်။

(ဂ) ပင်လယ်ရေကြောင်းသွားလာရာတွင် အသုံးပြုနိုင်သော ____ ကို တရုတ်နိုင်ငံမှ ဦးစွာ တီထွင်ခဲ့သည်။

(ဃ) ဥရောပတိုက်သားတို့ နယ်မြေသစ်များ စူးစမ်းရှာဖွေကြရာမှ ____ အတတ်ပညာ တိုးတက်လာကြသည်။

(င) ပေါ်တူဂီတို့သည် ____ သွားလာရေးတွင် ကျွမ်းကျင်သည်။

(စ) ဗာစကိုဒဂါးမားသည် အိန္ဒိယနိုင်ငံ မလဘာကမ်းခြေ ____ တွင် ခံတပ်အခိုင်အမာ ပြုလုပ်၍ ကုန်သွယ်ရေး အခြေစိုက်စခန်း ဖွင့်လှစ်ခဲ့သည်။

**၂။ အောက်ပါတို့ကို မှန်လျှင် (မှန်)၊ မှားလျှင် (မှား) ဟု ရေးပါ။**

(က) ၁၄ ရာစု အလယ်ပိုင်းတွင် တရုတ်တို့ အင်အားကျဆင်းသွားခြင်းကြောင့် ပိုးလမ်းမကြီးမှာ ခရီးသွားကုန်သည်များအတွက် အန္တရာယ်များလာခဲ့သည်။ ( )

(ခ) ၁၆ ရာစုအစောပိုင်းတွင် ပြောင်းရှည်သေနတ်များ အသုံးပြုသည်။ ( )

(ဂ) သင်္ဘောတည်နေရာကို ရှာဖွေနိုင်သော နည်းပညာကို အာရှတိုက်သားတို့ ရရှိခဲ့သည်။ ( )

(ဃ) ကနေရီကျွန်းစုတွင် စပါးစိုက်ပျိုးပြီး ဥရောပသို့ တင်ပို့ရောင်းချသည်။ ( )

**၃။ မှား၊ မှန် ရောထွေး အမှန်ရွေးပါ။**

(က) မာကိုပိုလိုသည် ၁၃ ရာစုနောက်ပိုင်းတွင် ____ သို့ရောက်ရှိခဲ့သည်။

(၁) ဂျပန် (၂) တရုတ် (၃) အိန္ဒိယ

(ခ) ၁၄ ရာစုနောက်ပိုင်းကာလများတွင် ဥရောပတိုက်သားတို့သည် ____ ကို တွင်ကျယ်စွာ အသုံးပြုနိုင်ခဲ့ကြသည်။

(၁) ဓား (၂) ပြောင်းရှည်သေနတ် (၃) အမြောက်



DBE BOX

(ဂ) ဥရောပနိုင်ငံများအနက် နယ်မြေသစ် ရှာဖွေခြင်း၊ နယ်ချဲ့ခြင်းကို ဦးစွာလုပ်ဆောင်သော နိုင်ငံမှာ ____ ဖြစ်သည်။

(၁) စပိန် (၂) ပေါ်တူဂီ (၃) ပြင်သစ်

(ဃ) ရေကြောင်းသွားလာသူ ပေါ်တူဂီလူမျိုး ____ က အတ္တလန္တိတ်သမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာကိုဖြတ်၍ အနောက်ဘက်မှ ကမ္ဘာကိုပတ်နိုင်သော ရေလမ်းကြောင်းကို ရှာဖွေတွေ့ရှိနိုင်မည်ဟု ယုံကြည်သည်။

(၁)မက်ဂျလန် (၂) ဗာစကိုဒဂါးမား (၃) ခရစ္စတိုဖာကိုလံဘတ်စ်

(င) ပီရူးမှ ရွှေနှင့်ငွေများ၊ တရုတ်နိုင်ငံထွက် ပစ္စည်းများနှင့် အာရှတိုက်ထွက်ကုန်များကို ကုန်သွယ်ရောင်းချခြင်းဖြင့် ____ နိုင်ငံသည် ကြွယ်ဝချမ်းသာသည်။

(၁) ပေါ်တူဂီ (၂) စပိန် (၃) အီတလီ

## ၄။ အောက်ပါမေးခွန်းများကိုဖြေပါ။

(က) ပိုးလမ်းမကြီးကိုအသုံးပြုပြီး ဥရောပနိုင်ငံများက မည်သည့်နိုင်ငံများနှင့် ကုန်သွယ်မှုပြုလုပ်ခဲ့ကြသနည်း။

(ခ) ပိုးလမ်းမကြီးပိတ်သွားသဖြင့် ကုန်သွယ်ရေးကို မည်သည့်လမ်းကြောင်းဖြင့် လုပ်ဆောင်ခဲ့ကြသနည်း။

(ဂ) သံလိုက်အိမ်မြှောင်ကို မည်သည့်နိုင်ငံမှ စတင်တီထွင်ခဲ့သနည်း။

(ဃ) ပေါ်တူဂီတို့သည် မည်သည့်လုပ်ငန်းတွင် ကျွမ်းကျင်ကြသနည်း။

(င) ခရစ္စတိုဖာကိုလံဘတ်စ်ကို နယ်မြေသစ် ရှာဖွေရန်အတွက် မည်သူတို့က ကူညီထောက်ပံ့ပေးခဲ့သနည်း။


(စ) ဥရောပတိုက်သားတို့ ပင်လယ်ရပ်ခြားတွင် နယ်မြေသစ်များ ရှာဖွေခဲ့ခြင်း အကြောင်းရင်းများကို ဆွေးနွေးပါ။

(ဆ) ပေါ်တူဂီတို့ အာရှတိုက်တွင် အဘယ်ကြောင့် နယ်ချဲ့ခဲ့ကြသည်ကို စိစစ်တင်ပြပါ။

(ဇ) စပိန်တို့ အမေရိကတိုက်တွင် နယ်ချဲ့ခြင်းဖြင့် ရရှိလာသော အကျိုးဆက်ကို ရေးသားတင်ပြပါ။

DBE BOX

**သင်ခန်းစာ ၂.၂။ ဥရောပတိုက်သားတို့၏ ပထမအဆင့် နယ်ချဲ့ခြင်းတွင် သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။**




**သင်ခန်းစာ – ၂.၂ ပုံပါ ရင်းမြစ်များ**

**ပုံ ၂.၁၀ ပိုးလမ်းမကြီးပြ မြေပုံ** (https://www.google.comsearchbiw) (၁၅. ၇. ၂၀၁၉)

**ပုံ ၂.၁၁ သံလိုက်အိမ်မြှောင်** (https://sperrydox.files.wordpress.com/2014/07/navigator-compass.jpg?w=676&h=342) (၁၆. ၇. ၂၀၁၉)

**ပုံ ၂.၁၂ ပြောင်းရှည် သေနတ်များ** (https://i.pinimg.com/originals/a8/92/ec/a892ec06b1dd fb26e01a50991bab3464.jpg) (၁၇. ၇. ၂၀၁၉)

**ပုံ ၂.၁၃ ဥရောပတိုက်သားများ သင်္ဘော တည်ဆောက်ပုံ** (https://upload.wikimedia.org wiki pedia/commons/1/1b/Pizarroshipbuilding.jpg) (၁၈. ၇. ၂၀၁၉)

**ပုံ ၂.၁၄ ပေါ်တူဂီတို့ အာရှတိုက်တွင်နယ်ချဲ့ခြင်း လမ်းကြောင်းပြမြေပုံ** (https://www.pinterest.com/pin/115615915408470813/?autologin=true&nic=1) (၁၈. ၇. ၂၀၁၉)

**ပုံ ၂.၁၅ အိန္ဒိယပြည်သို့ ရောက်ရှိလာသူ ဗာစကိုဒဂါးမား** (https://media.nationalgeo graphic.org/assets/photos/66c/6b7/66c6b7e2-c0d3-4ea5-a84e-d0445251b053_r646x828.jpg?23d9e05ab537fdeaed02adf2221775f92e39588c) (၁၉. ၇. ၂၀၁၉)

**ပုံ ၂.၁၆ အီတလီလူမျိုး ခရစ္စတိုဖာကိုလံဘတ်စ်** (https://media.voltron.voanews.com/Drupal/01live-166/styles/sourced/s3/2019-04/0D7EEF34-99C2-4446-B559-7CAE98E4EC57.jpg?itok=r8-7w0GM (၂၂. ၇. ၂၀၁၉)

DBE BOX

**ပုံ ၂.၁၇ မက်ဂျလန်** (https://www.portugaltravelguide.com/images/magalhes_article.jpg) (၂၂. ၇. ၂၀၁၉)

References

1- Bentley, Jerry H., Herbert F.Ziegler, Heather F.Street, Traditions & Encounters (A Brief Global History), New York, Mc Graw Hill, 2006.

2- Palmer R.R, Joel Colton, Lloyd Kramer, A History of the Modern World, New York, Mc Graw Hill, 2006.

3- Tarling, Nicholas, (Edt.) The Cambridge History of Southeast Asia, Volume one, Part two from c.1500 to c.1800, Cambridge, United Kingdom, Cambridge University Press, 1994.

DBE BOX

## ၂.၃။ ဥရောပတိုက်သားတို့၏ ဒုတိယအဆင့်နယ်ချဲ့ခြင်း

**နိဒါန်း**

ဤအခန်းတွင် ဒတ်ချ်တို့ အရှေ့အိန္ဒိယကျွန်းစုတွင် နယ်ချဲ့ခြင်း၊ အင်္ဂလိပ်တို့ အိန္ဒိယတွင် နယ်ချဲ့ခြင်း၊ ပြင်သစ်တို့ မြောက်အမေရိကတိုက်တွင် နယ်ချဲ့ခြင်းတို့ကို လေ့လာသင်ယူနိုင်မည် ဖြစ်သည်။

### ဤသင်ခန်းစာနှင့် ပတ်သက်၍ သင်သိရှိပြီးသော အကြောင်းအရာ

ကျောင်းသားများအနေဖြင့် ဥရောပတိုက်သားတို့ ပထမအဆင့် နယ်ချဲ့ခြင်း၏ အခြေခံအကြောင်းရင်း၊ ပေါ်တူဂီတို့ အာရှတွင် နယ်ချဲ့ခြင်း၊ စပိန်တို့ မြောက်အမေရိကတိုက်တွင် နယ်ချဲ့ခြင်း အကြောင်းတို့ကို သင်ယူသိရှိပြီး ဖြစ်သည်။

### သင်ခန်းစာပြီးလျှင် သင်သည် အောက်ပါတို့ကို သိရှိနားလည် လုပ်ဆောင်နိုင်မည်။

ဥရောပတိုက်သားများဖြစ်သည့် ဒတ်ချ်တို့ အရှေ့အိန္ဒိယကျွန်းစုတွင် နယ်ချဲ့ခြင်း၊ အင်္ဂလိပ်တို့ အိန္ဒိယတွင် နယ်ချဲ့ခြင်းနှင့် ပြင်သစ်တို့ မြောက်အမေရိကတိုက်တွင် နယ်ချဲ့ခြင်းအကြောင်းတို့ကို လေ့လာဆွေးနွေးနိုင်မည်ဖြစ်သည်။

### ၂.၃.၁။ ဥရောပတိုက်သားတို့ ဒုတိယအဆင့်နယ်ချဲ့ခြင်း၏ အခြေခံအကြောင်းရင်း

ပေါ်တူဂီနှင့် စပိန်နိုင်ငံတို့သည် ဥရောပတိုက်သားတို့၏ ပထမအဆင့် နယ်ချဲ့မှုတွင် ဦးဆောင်နိုင်ငံများဖြစ်ခဲ့သည်။ ဒုတိယအဆင့် နယ်ချဲ့မှုတွင် ဒတ်ချ် (နယ်သာလန်)၊ အင်္ဂလိပ်နှင့် ပြင်သစ်တို့က အစားထိုး ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံများအဖြစ် ထင်ရှားခဲ့သည်။ ဒတ်ချ်တို့သည် ဥရောပတွင် ပေါ်တူဂီ၊ စပိန်တို့နှင့် ယှဉ်ပြိုင်ရုံသာမက ပင်လယ်ရပ်ခြား ဒေသသို့ပါ ဩဇာချဲ့ထွင်ရန် ကြိုးစားခဲ့ကြသည်။ ဒုတိယအဆင့် နယ်ချဲ့မှုကိုကြည့်လျှင် ဦးဆောင်နိုင်ငံများ အချင်းချင်း ပြိုင်ဆိုင်မှုများကို တွေ့ရပြီး အထူးသဖြင့် အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် အာရှတိုက်နှင့် အမေရိကတိုက်တို့တွင် ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့ပြင် အရှေ့အိန္ဒိယကျွန်းစုတွင် ကိုလိုနီနယ် ပိုင်ဆိုင်ခွင့်ရရန် ဒတ်ချ်တို့က လည်း ကြိုးပမ်းခဲ့သည်။

**အဓိကအချက်များ**

- ဒတ်ချ်တို့သည် ဥရောပတွင် ပေါ်တူဂီ၊ စပိန်တို့နှင့် ယှဉ်ပြိုင်ရုံသာမက ပင်လယ်ရပ်ခြားဒေသသို့ပါ ဩဇာချဲ့ထွင်ခဲ့ကြသည်။

- အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် အာရှတိုက်နှင့် အမေရိကတိုက်တို့တွင် ယှဉ်ပြိုင်ခဲ့ကြသည်။

## ၂.၃.၂။ ဒတ်ချ်တို့ အရှေ့အိန္ဒိယကျွန်းစုတွင်နယ်ချဲ့ခြင်း

ဒတ်ချ်တို့သည် ပေါ်တူဂီနှင့် စပိန်တို့ထက် နောက်ကျ၍ ပင်လယ်ရပ်ခြားဒေသများသို့ ရောက်ရှိကြသည်။ ပေါ်တူဂီနှင့် စပိန်တို့ ကမ္ဘာ့ရေကြောင်းကို စိုးမိုးထားရာမှ ချမ်းသာကြွယ်ဝလာသည့်အတွက် ဒတ်ချ်တို့သည် အရှေ့တိုင်းဒေသများနှင့် ရောင်းဝယ်ဖောက်ကားရန် ကြိုးပမ်းလာကြသည်။




ပုံ−၂.၁၈ အရှေ့အိန္ဒိယကျွန်းစု

၁၇ ရာစုတွင် အင်္ဂလိပ်နှင့် ဒတ်ချ်တို့သည် အရှေ့အိန္ဒိယကျွန်းစု၏ ဟင်းခတ်အမွှေးအကြိုင် ကုန်သွယ်ရေးတွင် ပါဝင်ယှဉ်ပြိုင်လာခဲ့သည်။ ၁၆၀၀ ပြည့်နှစ်တွင် အင်္ဂလိပ်တို့သည် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီကိုလည်းကောင်း၊ ၁၆၀၂ ခုနှစ် တွင် ဒတ်ချ်တို့သည် ဒတ်ချ်အရှေ့အိန္ဒိယကုမ္ပဏီကို လည်းကောင်း ထူထောင်ခဲ့ကြသည်။ ဒတ်ချ်တို့သည် အရှေ့တိုင်း ကုန်သွယ်ရေးကို လက်ဝါးကြီးအုပ် လုပ်ကိုင်ခွင့် ရရှိခဲ့ကြသည်။ ထို့ပြင် ဒတ်ချ်တို့သည် ပေါ်တူဂီလက်ထဲတွင် ရှိခဲ့သော ဟင်းခတ်အမွှေးအကြိုင် ကုန်သွယ်ရေးကို လက်ဝါးကြီးအုပ် ရယူရန် ကြိုးပမ်းခဲ့ကြသည်။

၁၇ ရာစု အစတွင် တည်ထောင်ခဲ့သော အင်္ဂလိပ်နှင့် ဒတ်ချ် အရှေ့အိန္ဒိယ ကုမ္ပဏီများသည် ပေါ်တူဂီတို့ ကြီးစိုးနေသော အရှေ့တိုင်းဒေသများတွင် အဓမ္မဝင်ရောက်ပြီး ကုန်ကူးသန်း ရောင်းဝယ်ကြသည်။ ဤသို့ဖြင့် ဒတ်ချ်တို့သည် ဟင်းခတ်အမွှေးအကြိုင်များကို ရောင်းဝယ်ရန်

အခွင့်အလမ်းများ ရရှိလာပြီး ဒေသခံတိုင်းရင်းသား အကြီးအကဲများနှင့်လည်း စာချုပ်များ ချုပ်ဆိုနိုင်သဖြင့် ဟင်းခတ်အမွှေးအကြိုင် ရောင်းဝယ်ရေးကို လက်ဝါးကြီးအုပ်ခွင့် ရလာသည်။ ဒတ်ချ်တို့၏ စီးပွားရေး တိုက်စစ်ကို ပေါ်တူဂီတို့ တွန်းလှန်နိုင်ခြင်း မရှိပေ။ ဒတ်ချ်တို့သည် ၁၆၁၉ ခုနှစ်တွင် ဂျာဗားကျွန်းပေါ်ရှိ ဘတေးဗီးယား (Batavia) ကို ဂျာကာတာ (Jakarta) ဟု အမည်ပြောင်း၍ ဒတ်ချ်တို့၏ အရှေ့တိုင်း အင်ပါယာဌာနချုပ်အဖြစ် သတ်မှတ်လိုက်သည်။




ပုံ - ၂.၁၉ ဟင်းခတ်အမွှေးအကြိုင်ရောင်းဝယ်ရေး လမ်းကြောင်းပြပုံ

ဒတ်ချ်တို့သည် ဟင်းခတ်အမွှေးအကြိုင်များကို ၎င်းတို့ပိုင်ဆိုင်ရာ နယ်ပယ်များတွင်သာ စိုက်ပျိုးစေခဲ့ပြီး တစ်နေရာမှတစ်နေရာသို့ သယ်ယူပို့ဆောင်ရာတွင်လည်း လက်နက်တပ်ဆင်ထားသော သင်္ဘောအုပ်စုများဖြင့် ကြပ်မတ်ပို့ဆောင်ပေးခဲ့သည်။

ဤသို့ဖြင့် ဒတ်ချ်တို့သည် ယခင်က ပေါ်တူဂီတို့ လက်ဝါးကြီးအုပ်ခဲ့သော ဟင်းခတ်အမွှေးအကြိုင် ရောင်းဝယ်ရေးကို လက်ဝါးကြီးအုပ်နိုင်ခဲ့ရုံသာမက အရှေ့အိန္ဒိယကျွန်းစုတွင် ကိုလိုနီအင်ပါယာကို တည်ထောင်နိုင်ခဲ့ကြသည်။ ၁၆၄၁ ခုနှစ်တွင် ဒတ်ချ်တို့သည် ပေါ်တူဂီတို့၏ အခြေခံစခန်းဖြစ်သော မလက္ကာကိုသိမ်းပိုက်နိုင်သဖြင့် မလက္ကာရေလက်ကြားနှင့် ဆွန်ဒါရေလက်ကြားကို ထိန်းချုပ်နိုင်ခဲ့သည်။ ဒတ်ချ်တို့သည် အချက်အချာကျသော ဘတေးဗီးယားကို ထိန်းသိမ်းထားနိုင်ခြင်းကြောင့် အရှေ့အိန္ဒိယကျွန်းစုသို့သွားသော ရေကြောင်းလမ်းကို ချုပ်ကိုင်နိုင်လာသည်။




ပုံ - ၂.၂၀ မလက္ကာရေလက်ကြားနှင့် ဆွန်ဒါရေလက်ကြား



ပုံ−၂.၂၁ ကိပ်တောင်းမြို့ကိုတည်ထောင်ခြင်း

သီဟိုဠ် (သီရိလင်္ကာ) ကမ်းခြေဒေသရှိ ပေါ်တူဂီ၏ စခန်းများကိုလည်း သိမ်းယူခဲ့သည်။ ဒတ်ချ်တို့သည် ၁၆၅၂ ခုနှစ်တွင် တောင်အာဖရိကရှိ ဂွတ်ဟုတ်အငူတွင် ကိပ်တောင်း (Cape Town) မြို့ကို တည်ထောင်နိုင်ခဲ့သဖြင့် အရှေ့တိုင်းသို့သွားသော ရေလမ်းကြောင်းကို ပိုင်နိုင်စွာ ချုပ်ကိုင်နိုင်ခဲ့သည်။ ဟင်းခတ်အမွှေးအကြိုင် ရောင်းဝယ်ရေးကို ချုပ်ကိုင်နိုင်ရန်အတွက် ဒတ်ချ်တို့သည် ပြိုင်ဘက်များဖြစ်သော ပေါ်တူဂီနှင့် အင်္ဂလိပ်တို့ကို အရှေ့အိန္ဒိယကျွန်းစုမှ ဖယ်ရှားလိုက်ကြသည်။ ဒတ်ချ်တို့သည် အရှေ့အိန္ဒိယကျွန်းစုကို စိုးမိုးနိုင်ရေးအတွက် ၁၇၇၂ ခုနှစ်တွင် ဂျာဗားကျွန်းကို သိမ်းပိုက်အုပ်ချုပ်ခဲ့သည်။ ၁၇၉၅ ခုနှစ်တွင် ကုမ္ပဏီအုပ်ချုပ်ရေးကို ဖျက်သိမ်း၍ အရှေ့အိန္ဒိယကျွန်းစုကို ဒတ်ချ်အစိုးရက တာဝန်ယူအုပ်ချုပ်ခဲ့သဖြင့် ဒတ်ချ်ကိုလိုနီ ဖြစ်လာသည်။

**အဓိကအချက်များ**


- ဒတ်ချ်တို့သည် ပေါ်တူဂီနှင့် စပိန်တို့ထက် နောက်ကျ၍ ပင်လယ်ရပ်ခြားဒေသများသို့ ရောက်ရှိကြသည်။
- ၁၆၀၀ ပြည့်နှစ်တွင် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီကိုလည်းကောင်း ၊ ၁၆၀၂ ခုနှစ်တွင် ဒတ်ချ်အရှေ့အိန္ဒိယကုမ္ပဏီကိုလည်းကောင်း ထူထောင်ခဲ့ကြသည်။
- ဒတ်ချ်တို့သည် ပေါ်တူဂီလက်ထဲတွင်ရှိခဲ့သော ဟင်းခတ်အမွှေးအကြိုင် ကုန်သွယ်ရေးကို လက်ဝါးကြီးအုပ် ရယူရန် ကြိုးပမ်းလာကြသည်။
- ဒတ်ချ်တို့သည် ၁၆၁၉ ခုနှစ်တွင် ဂျာဗားကျွန်းပေါ်ရှိ ဘတေးဗီးယားကို ဂျာကာတာဟု အမည်ပြောင်း၍ ဒတ်ချ်တို့၏ အရှေ့တိုင်းအင်ပါယာဌာနချုပ်အဖြစ် သတ်မှတ်လိုက်သည်။
- ၁၆၄၁ ခုနှစ်တွင် ဒတ်ချ်တို့သည် ပေါ်တူဂီတို့၏ အခြေခံစခန်းဖြစ်သော မလက္ကာကို သိမ်းပိုက်နိုင်သဖြင့် မလက္ကာရေလက်ကြားနှင့် ဆွန်ဒါရေလက်ကြားကို ထိန်းချုပ်နိုင်ခဲ့သည်။
- သီဟိုဠ် (သီရိလင်္ကာ) ကမ်းခြေဒေသရှိ ပေါ်တူဂီ၏ စခန်းများကိုလည်း သိမ်းယူခဲ့သည်။
- ဒတ်ချ်တို့သည် ပြိုင်ဘက်များဖြစ်သော ပေါ်တူဂီနှင့် အင်္ဂလိပ်တို့ကို အရှေ့အိန္ဒိယကျွန်းစုမှ ဖယ်ရှားလိုက်ကြသည်။

- ၁၇၉၅ ခုနှစ်တွင် ကုမ္ပဏီအုပ်ချုပ်ရေးကို ဖျက်သိမ်း၍ အရှေ့အိန္ဒိယကျွန်းစုကို ဒတ်ချ်အစိုးရက တာဝန်ယူ အုပ်ချုပ်ခဲ့သဖြင့် ဒတ်ချ်ကိုလိုနီဖြစ်လာသည်။

## ၂.၃.၃။ အင်္ဂလိပ်တို့ အိန္ဒိယတွင်နယ်ချဲ့ခြင်း

အင်္ဂလန်နိုင်ငံသည် ရေတပ်အင်အား တောင့်တင်းသဖြင့် ပင်လယ်ရပ်ခြားဒေသများ သိမ်းပိုက်ရာတွင် ရေတပ်အင်အားသည် အရေးပါသော အထောက်အကူ ဖြစ်ခဲ့သည်။ အင်္ဂလန်သည် ၁၆ ရာစုနှောင်းပိုင်းအထိ ပင်လယ်ရပ်ခြား နယ်မြေသစ် ရှာဖွေမှုတွင် စိတ်မဝင်စားခဲ့ပေ။ သို့သော် အင်္ဂလန်တွင် စက်မှုတော်လှန်ရေး ပေါ်ပေါက်လာပြီးနောက် ကုန်ကြမ်းရရှိရန်နှင့် ကုန်ချောပြန်လည် ရောင်းချရန် ဈေးကွက်များ လိုအပ်လာရာမှ ပင်လယ်ရပ်ခြား နယ်မြေသစ်များ ရှာဖွေခြင်းတွင် ပါဝင်လာခဲ့သည်။ ၁၇ နှင့် ၁၈ ရာစုများတွင် အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် နယ်မြေသစ်များ ရှာဖွေကြရာမှ အင်္ဂလိပ်-ပြင်သစ် ယှဉ်ပြိုင်မှုသည် ဥရောပတွင်သာမက ပင်လယ်ရပ်ခြားဒေသများတွင်လည်း ယှဉ်ပြိုင်ခဲ့ကြသည်။

အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီကို ၁၆၀၀ ပြည့်နှစ်တွင် တည်ထောင်ပြီး အရှေ့တိုင်းတွင် နယ်မြေများ ရှာဖွေခွင့်နှင့် ကူးသန်းရောင်းဝယ်ခွင့် ရရှိခဲ့သည်။ ၁၆၀၉ ခုနှစ်တွင် အင်္ဂလိပ်တို့သည် အိန္ဒိယသို့ ပထမဆုံးရောက်ခဲ့ပြီး စူရတ် (Surat) မြို့တွင် ပထမဆုံးကုန်တိုက်ကို ထူထောင်ခဲ့သည်။ ဘုံဘေ (မွန်ဘိုင်း)၊ မဒရပ် (ချင်နိုင်း)နှင့် ကာလကတ္တား (ကိုးလ်ကတ္တား)တို့သည် အဓိကကုန်သွယ်ရေး အချက်အချာဒေသများ ဖြစ်လာခဲ့သည်။



ပုံ- ၂.၂၂ အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ

၁၇ ရာစု နှောင်းပိုင်းတွင် အင်္ဂလိပ် အရှေ့အိန္ဒိယကုမ္ပဏီ၏ မူဝါဒသည် ငြိမ်းချမ်းစွာ ကုန်သွယ်ရေးလုပ်ရာမှ နယ်မြေများ သိမ်းပိုက်ပြီး နိုင်ငံရေးအာဏာရယူရေး အသွင်သို့ ကူးပြောင်းသွားသည်။ ပြင်သစ်တို့သည်လည်း အိန္ဒိယတွင် နယ်မြေများ သိမ်းယူကြရာမှ အင်္ဂလိပ်-ပြင်သစ် ယှဉ်ပြိုင်မှုများ ပြင်းထန်လာခဲ့သည်။ ဥရောပတွင် ဖြစ်ပွားခဲ့သည့် ဩစတြီးယန်း ထီးနန်းဆက်ခံရေးစစ်ပွဲ (၁၇၄၀-၁၇၄၈) နှင့် ခုနစ်နှစ်စစ်ပွဲ (Seven Years War) (၁၇၅၆-၁၇၆၃)တို့တွင် အင်္ဂလိပ်နှင့် ပြင်သစ်တို့ ပါဝင်ခဲ့ကြသည်။ ဤစစ်ပွဲ နှစ်ခုလုံးသည်

ဥရောပတွင်သာမက အိန္ဒိယတွင်လည်း အင်္ဂလိပ်-ပြင်သစ် ပြိုင်ဆိုင်မှုများ ဖြစ်စေခဲ့သည်။ ခုနစ်နှစ်စစ်ပွဲတွင် ပြင်သစ်တို့ ရှုံးနိမ့်ခဲ့သည်။

၁၇၅၇ ခုနှစ်တွင် အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် အိန္ဒိယ၌ ပလာဆေးတိုက်ပွဲ (Battle of Plassey)တွင် ရင်ဆိုင်တိုက်ခိုက်ကြရာ ပြင်သစ်တို့ ရှုံးနိမ့်ပြီး အိန္ဒိယမှ ထွက်ခွာသွားကြသဖြင့် အိန္ဒိယသည် အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့သည်။ အိန္ဒိယတွင် အင်္ဂလိပ်တို့ အောင်ပွဲခံနိုင်ခဲ့ခြင်းသည် အင်္ဂလိပ်တို့၏ ရေတပ်အင်အား ကြီးမားလာခြင်းကြောင့်ဖြစ်ပြီး ထိုအချက်သည် အင်္ဂလန်ကို နေမဝင်အင်ပါယာ ထူထောင်နိုင်ရန် တွန်းပို့နိုင်ခဲ့သည်။ နယ်မြေများ အပြိုင်အဆိုင် နယ်ချဲ့ကြရာမှ ဥရောပနိုင်ငံများ အချင်းချင်း ပဋိပက္ခများ ဖြစ်ပွားလာခဲ့သည်။

**အဓိကအချက်များ**

- ၁၆၀၉ ခုနှစ်တွင် အင်္ဂလိပ်တို့သည် အိန္ဒိယသို့ ပထမဆုံး ရောက်ရှိခဲ့ပြီး စူရတ်မြို့တွင် ပထမဆုံး ကုန်တိုက်ကို ထူထောင်ခဲ့သည်။
- ဘုံဘေ (မွန်ဘိုင်း)၊ မဒရပ် (ချင်နိုင်း) နှင့် ကာလကတ္တား (ကိုးလ်ကတ္တား) တို့သည် အဓိက ကုန်သွယ်ရေး အချက်အချာဒေသများ ဖြစ်လာခဲ့သည်။
- ဥရောပတွင်ဖြစ်ပွားခဲ့သော ဩစတြီးယန်း ထီးနန်းဆက်ခံရေးစစ်ပွဲ (၁၇၄၀-၁၇၄၈) နှင့် ခုနစ်နှစ်စစ်ပွဲ (၁၇၅၆-၁၇၆၃) တို့တွင် အင်္ဂလိပ်နှင့် ပြင်သစ်တို့ ပါဝင်ခဲ့ကြသည်။
- ခုနစ်နှစ်စစ်ပွဲတွင် ပြင်သစ်တို့ ရှုံးနိမ့်ခဲ့သည်။
- အိန္ဒိယတွင် အင်္ဂလိပ်တို့ အောင်ပွဲခံနိုင်ခဲ့ခြင်းသည် ရေတပ်အင်အား ကြီးမားလာခြင်းကြောင့် ဖြစ်ပြီး အင်္ဂလန်ကို နေမဝင်အင်ပါယာ ထူထောင်နိုင်ရန် တွန်းပို့နိုင်ခဲ့သည်။

## ၂.၃.၄။ ပြင်သစ်တို့ မြောက်အမေရိကတိုက်တွင်နယ်ချဲ့ခြင်း

ပြင်သစ်တို့ အမေရိကတွင် နယ်ချဲ့ရခြင်းမှာ သားမွေးကုန်သွယ်ရေးမှ အမြတ်ရရန်နှင့် အနောက်မြောက်လမ်းကြောင်း ရှာဖွေရန်တို့ကြောင့် ဖြစ်သည်။ မြောက်အမေရိကရှိ နယူးဖရန့် (New France) နှင့် ကွီးဗက် (Quebec) တို့သည် ပြင်သစ်ကိုလိုနီ ဖြစ်လာခဲ့သည်။ ထို့နောက် လူဝီစီယားနား (Louisiana) နှင့် မက္ကဆီကို ပင်လယ်ကွေ့ (Gulf of Mexico) သည် ပြင်သစ်တို့၏ ပိုင်နက် ဖြစ်လာခဲ့သည်။

အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် မြောက်အမေရိကတိုက်တွင် ကိုလိုနီထူထောင်လာကြရာမှ ပဋိပက္ခဖြစ်ခဲ့ကြသည်။ ၁၇၀၁ ခုနှစ်မှ ၁၇၁၄ ခုနှစ်အထိ ဖြစ်ပွားခဲ့သော စပိန်ထီးနန်းဆက်ခံရေး



DBE BOX

စစ်ပွဲအပြီး ချုပ်ဆိုသော စာချုပ်အရ ပြင်သစ်ထံမှ နယူးဖောင်လန်၊ အာကေးဒီးယား၊ နိုဗာစကိုရှားနှင့် ဟဒ်ဆင်ပင်လယ်အော်တို့ကို အင်္ဂလိပ်တို့ ရရှိခဲ့သည်။ ဩစတြီးယား ထီးနန်းဆက်ခံရေး စစ်ပွဲအပြီးတွင် ပြင်သစ်သည် အင်္ဂလိပ်တို့ကို အိန္ဒိယရှိ မဒရပ်ကို ပေးခဲ့ရသည်။ ခုနစ်နှစ်စစ်ပွဲသည် ဥရောပတွင် အင်္ဂလိပ်နှင့် ပြင်သစ်တို့၏ နောက်ဆုံး ကိုလိုနီပြိုင်ဆိုင်မှုဖြစ်သည်။ ပဲရစ် စစ်ပြေငြိမ်းရေးစာချုပ်အရ အင်္ဂလိပ်တို့သည် ပြင်သစ်ထံမှ ကနေဒါ၊ အာကေးဒီးယား၊ နိုဗာစကိုးရှားနှင့် အနောက်အိန္ဒိယကျွန်းစုမှ ကျွန်းအချို့တို့ကို ရရှိခဲ့သည်။



**ပုံ–၂.၂၃ ပြင်သစ် သားမွေးကုန်သွယ်ရေး**

အင်္ဂလိပ်နှင့် ပြင်သစ် ပြိုင်ဆိုင်ကြရာတွင် ပြင်သစ်သည် ဥရောပတိုက်တွင် ဖြစ်ပွားသော စစ်ပွဲများကိုသာ အလေးထားပြီး အင်္ဂလိပ်ကမူ ပင်လယ်ရပ်ခြားနယ်မြေပိုင်ဆိုင်မှုများကို ပိုမိုအာရုံစိုက်ခဲ့သည်။ ဤသို့ဖြင့် ပြင်သစ်သည် အမေရိကတိုက်တွင် ၎င်း၏ ပိုင်ဆိုင်မှုများအားလုံးကို စွန့်လွှတ်ခဲ့ရပြီး မြောက်အမေရိကသည် အင်္ဂလိပ်တို့၏ ဩဇာအောက်သို့ ကျရောက်ခဲ့ရသည်။

### အဓိကအချက်များ

- ပြင်သစ်တို့သည် မြောက်အမေရိကတိုက်၏ အနောက်ဘက်နှင့် မြောက်ဘက်တွင် ကိုလိုနီများကို ထူထောင်ခဲ့ကြသည်။
- နယူးဖရန့် (New France) နှင့် ကွီးဗက် (Quebec) တို့သည် ပြင်သစ် ကိုလိုနီ ဖြစ်လာခဲ့သည်။
- လူဝီစီယားနား (Louisiana) နှင့် မက္ကဆီကို ပင်လယ်ကွေ့ (Gulf of Mexico) သည် ပြင်သစ်တို့၏ ပိုင်နက် ဖြစ်လာခဲ့သည်။

- စပိန်ထီးနန်း ဆက်ခံရေးစစ်ပွဲအပြီး ချုပ်ဆိုသော စာချုပ်အရ ပြင်သစ်ထံမှ နယူးဖောင်လန်၊ အာကေးဒီးယား၊ နိုဗာစကိုရှားနှင့် ဟဒ်ဆင်ပင်လယ်အော်တို့ကို အင်္ဂလိပ်တို့က ရရှိခဲ့သည်။
- ခုနစ်နှစ်စစ်ပွဲ (၁၇၅၆-၁၇၆၃) သည် ဥရောပတွင် အင်္ဂလိပ်နှင့် ပြင်သစ်တို့၏ ကိုလိုနီပြိုင်ဆိုင်မှု ဖြစ်သည်။
- ပြင်သစ်သည် အမေရိကတွင် ၎င်း၏ပိုင်ဆိုင်မှုများအားလုံးကို စွန့်လွှတ်ခဲ့ရပြီး မြောက်အမေရိကသည် အင်္ဂလိပ်တို့၏ ဩဇာအောက်သို့ ကျရောက်ခဲ့ရသည်။

**လေ့ကျင့်ရန် မေးခွန်းများ**

**၁။ အောက်ပါ ကွက်လပ်များကို ဖြည့်ပါ။**

(က) ဒတ်ချ်တို့သည် ____ နှင့် စပိန်တို့ထက် နောက်ကျ၍ ပင်လယ်ရပ်ခြားဒေသများသို့ ရောက်ရှိလာကြသည်။ (  )

(ခ) ဒတ်ချ်တို့သည် ၁၆၁၉ ခုနှစ်တွင် ဂျာဗားကျွန်းပေါ်ရှိ ဘတေးဗီးယားကို ____ ဟု အမည်ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ (  )

(ဂ) အင်္ဂလိပ်တို့သည် အရှေ့အိန္ဒိယကုမ္ပဏီကို ____ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ (  )

(ဃ) ဒတ်တို့သည် ____ ကမ်းခြေရှိ ပေါ်တူဂီ၏ စခန်းများကိုလည်း သိမ်းယူခဲ့သည်။ (  )

(င) နယူးဖရန့်နှင့် ____ တို့သည် ပြင်သစ်ကိုလိုနီ ဖြစ်လာခဲ့သည်။ (  )

**၂။ အောက်ပါတို့ကို မှန်လျှင် (မှန်)၊ မှားလျှင်(မှား) ဟု ရေးပါ။**

(က) ၁၇ ရာစုတွင် အင်္ဂလိပ်နှင့် ဒတ်ချ်တို့သည် အရှေ့အိန္ဒိယကျွန်းစု၏ ဟင်းခတ်အမွှေးအကြိုင် ကုန်သွယ်ရေးတွင် ပါဝင်ယှဉ်ပြိုင်လာခဲ့သည်။ (  )

(ခ) ဒတ်ချ်အရှေ့အိန္ဒိယကုမ္ပဏီ တည်ထောင်ခြင်းသည် ပေါ်တူဂီတို့၏ စီးပွားရေး နယ်ပယ်ထဲတွင် စားကျက်လုရန်ဖြစ်သည်။ (  )

(ဂ) အင်္ဂလိပ်တို့သည် ၁၆၀၉ ခုနှစ်တွင် ကိပ်တောင်း၌ ပထမဆုံးကုန်တိုက်ကို ထူထောင်ခဲ့သည်။ (  )

(ဃ) ဥရောပတွင်သာမက အိန္ဒိယတွင်လည်း အင်္ဂလိပ်-ပြင်သစ် ပြိုင်ဆိုင်မှုများ ဖြစ်စေခဲ့သည်။ (  )



DBE BOX

**၃။ မှား / မှန်ရောထွေး အမှန်ရွေးပါ။**

(က) ဒတ်ချ်တို့သည် ပေါ်တူဂီတို့၏ အခြေခံစခန်းဖြစ်သော ____ ကိုသိမ်းပိုက်နိုင်ခဲ့သည်။
(၁) မလက္ကာ  (၂) ဂျာကာတာ  (၃) ဘန်တမ်  (  )

(ခ) အင်္ဂလိပ်တို့သည် ဂျာဗားကျွန်းမှ ____ ခုနှစ်တွင် အပြီးအပိုင် ဆုတ်ခွာပေးခဲ့ရသည်။
(၁) ၁၆၂၈  (၂) ၁၆၂၇  (၃) ၁၆၂၉  (  )

(ဂ) ဒတ်ချ်တို့သည် တောင်အာဖရိကရှိ ဂွတ်ဟုပ်အငူတွင် ____ မြို့တည်ထောင်နိုင်ခဲ့သည်။
(၁) ကိပ်တောင်း  (၂) ဘုံဘေ  (၃) စူရတ်  (  )


(ဃ) အင်္ဂလိပ်နှင့် ____ တို့ ကိုလိုနီ ရှာဖွေအားပြိုင်ကြရာ၌ အင်္ဂလိပ်တို့၏ ရေတပ်အင်အားသည် အရေးပါခဲ့သည်။
(၁) မြောက်အမေရိက  (၂) အိန္ဒိယ  (၃) ပြင်သစ်  (  )

**၄။ အောက်ပါမေးခွန်းများကိုဖြေဆိုပါ။**

(က) ဒုတိယအဆင့်နယ်ချဲ့မှုတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံများကို ဖော်ပြပါ။
(ခ) ပေါ်တူဂီတို့ ကြီးစိုးနေသော အရှေ့တိုင်းဒေသများတွင် မည်သည့်ကုမ္ပဏီများ ဝင်ရောက်ကူးသန်းရောင်းဝယ်ကြသနည်း။
(ဂ) မလက္ကာကို သိမ်းပိုက်နိုင်သဖြင့် ဒတ်ချ်တို့ ရရှိခဲ့သော အကျိုးကျေးဇူးများကို ဆွေးနွေးပါ။
(ဃ) ပြင်သစ်တို့ အမေရိကတိုက်ကို နယ်ချဲ့ရခြင်း အကြောင်းရင်းများကို ဖော်ပြပြီး မည်သည့်နေရာများသည် ၎င်းတို့၏ ပိုင်နက်များ ဖြစ်ခဲ့ကြသနည်း။

**သင်ခန်းစာ ၂.၃။ ဥရောပတိုက်သားတို့၏ ဒုတိယအဆင့်နယ်ချဲ့ခြင်းတွင် သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ပါ။**

**ဥရောပတိုက်သားတို့၏ ဒုတိယအဆင့်နယ်ချဲ့ခြင်း**



**သင်ခန်းစာ – ၂.၃ ပုံပါ ရင်းမြစ်များ**

**ပုံ ၂.၁၈ အရှေ့အိန္ဒိယကျွန်းစု** (httpswww.google.com) (၁၀-၈-၂၀၁၉)

**ပုံ ၂.၁၉ ဟင်းခတ်အမွှေးအကြိုင်ရောင်းဝယ်ရေး လမ်းကြောင်းပြပုံ** (https://archaeology and science.files.wordpress.com/2015/02/images.jpg) (၁၂-၈-၂၀၁၉)

**ပုံ ၂.၂၀ မလက္ကာ ရေလက်ကြားနှင့် ဆွန်ဒါ ရေလက်ကြား** (http://www.quickgs.com/wp-content/uploads/2015/08/550x300xMalacca-and-Sunda.jpg.pagespeed.ic.wgwi1ZcuSy.jpg) (၁၃-၈-၂၀၁၉)

**ပုံ ၂.၂၁ ကိပ်တောင်းမြို့ကို ထူထောင်ခြင်း** (https://media.izi.travel/fc675e73-7d6a-4503-94c9-6b7adb7bf583/c7214b03-2c86-44de-8790-e8cefb698fb4 _ 800x600.jpg) (၁၅-၈-၂၀၁၉)

**ပုံ ၂.၂၂ အင်္ဂလိပ်အရှေ့အိန္ဒိယ ကုမ္ပဏီ** (https://c8.alamy.com/comp/T0HBDH/trading-post -esta blished-by-british-east-india-company-at-surat-gujarat-india-asia-T0HBDH.jpg) (၁၆-၈-၂၀၁၉)

**ပုံ ၂.၂၃ ပြင်သစ်သားမွေး ကုန်သွယ်ရေး** (https://i.pinimg.com/originals/48/a7/1e/ 48a71 ef71 4c64b598d59b7c61bcaa15e.jpg) (၁၇-၈-၂၀၁၉)

**ကျမ်းကိုးစာအုပ်များ**

၁။ သိန်းလှိုင်၊ ဦး၊ မဟာဝိဇ္ဇာ (ဂုဏ်ထူး)-ခေတ်သစ်အရှေ့တောင်အာရှ၊ ရန်ကုန်၊ ရာပြည့်ပုံနှိပ်တိုက်၊ ၂၀၁၅ခုနှစ်။

**2/** Hilton, P.B and Tate, D.J, South East Asia in World History: Course for Lower Secondary Schools, Kuala Lumpur, Oxford University Prers:1967.

DBE BOX